# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်   ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ စနေနေ့   အတွဲ (၆၁)၊ အမှတ် (၃၄၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Amur ပြည်နယ်၊ Blagoveshchensk မြို့ Ignatyevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာရာ ဗလာဒီဗော့စတော့ခ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Stegniy Daria နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Blagoveshchensk မြို့၊ Ignatyevo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ

*စာမျက်နှာ ၃ ကော်လံ ၁* ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းကို ကြည့်ရှုလေ့လာစဉ်။




မြန်မာ့အလင်း

# လူကုန်ကူးမှုတိုက်ဖျက်ဖို့ နည်းပညာကဏ္ဍမြှင့်တင်လုပ်ဆောင်စို့

လူကုန်ကူးခံရမှုကြောင့် ဒူဘိုင်းတွင် ဒုက္ခရောက်နေကြောင်း ဖေ့စ်ဘုတ်လူမှုကွန်ရက်မှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့် အကူအညီတောင်းခံခဲ့သည့် မြန်မာအမျိုးသမီးငယ် ခုနစ်ဦးတို့မှာ မြန်မာ-ဒူဘိုင်း နှစ်နိုင်ငံရဲအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၎င်းတို့ ကြုံတွေ့ခဲ့ရသည့်ဒုက္ခများမှ လွတ်မြောက်ကာ အမိမြေသို့ ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်သည်။ လူကုန်ကူးသူ တရားခံမှာ ဒူဘိုင်းတွင် အမြဲတမ်းနေထိုင်ခွင့်ဖြင့် နေထိုင်ပြီး မြန်မာအမျိုးသမီးငယ်များကို မက်လုံးပေးစည်းရုံးကာ ဒူဘိုင်းမှတစ်ဆင့် အခြားအရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ ထပ်ဆင့်ရောင်းစားနေသူဖြစ်သည်။

အဆိုပါ ဖြစ်စဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မှု၊ အိုင်တီနည်းပညာကို သုံးစွဲကာ အရေးပါသည့် အချက်အလက်များနှင့် လုပ်ငန်းဆောင်တာများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မှု၊ အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းရဲတပ်ဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိမှုတို့ကြောင့် မြန်မာအမျိုးသမီးတို့ကို ကယ်တင်နိုင်ခဲ့ပြီး လူကုန်ကူးသူတရားခံကိုပါ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ အကယ်၍သာ ၎င်းတို့အားအချိန်မီ ကယ်တင်နိုင်ခဲ့ခြင်းမရှိပါက မြန်မာနိုင်ငံနှင့် လွန်စွာအလှမ်းဝေးလှသည့် အရှေ့အလယ်ပိုင်းဒေသ တစ်နေရာရာတွင် တစ်ယောက်စီ ထပ်ဆင့်ရောင်းစားခံရပြီး ၎င်းတို့တစ်ဦးချင်းစီ ခံစားကြရမည့် ဒုက္ခများမှာ မတွေးဝံ့စရာပင်ဖြစ်သည်။

ယခုနောက်ပိုင်း လူကုန်ကူးမှုများတွင် လူကုန်ကူးခံရသူများရော တရားခံများပါ အမျိုးသမီးများက အများစုဖြစ်သည်။ အမျိုးသမီးများကို မက်လုံးပေးဆွဲဆောင်စည်းရုံးကြရာတွင် အမျိုးသမီးအချင်းချင်းဆွဲဆောင်စည်းရုံးခြင်းက ပိုမို၍ယုံကြည်မှုရရှိပြီး ပိုမိုအောင်မြင်ကြသည့်အတွက် ပြင်ပတွင်လူကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ မက်လုံးပေးစည်းရုံးမှုများကို မယုံကြည်ကြရန်နှင့် ဘေးအန္တရာယ်အဖြစ် ရှုမြင်နိုင်ကြရန် ယခုဒူဘိုင်းဖြစ်ရပ်က သင်ခန်းစာပေးလျက်ရှိသည်။ အမျိုးသမီးငယ်များအနေဖြင့် ပိတ်လှောင်ထားသည့် နေရာမှ ထွက်ပြေးနိုင်မှုနှင့် လူမှုကွန်ရက်ကို အကျိုးရှိစွာ အသုံးချနိုင်မှုတို့ကြောင့်သာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ချိတ်ဆက်နိုင်ခဲ့သည့် အခြေအနေသို့ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ရေခြားမြေခြားတွင် မိမိနိုင်ငံသားအချင်းချင်း ကူညီမှုကလည်း များစွာအထောက်အကူဖြစ်ခဲ့သည်။

အလုပ်အကိုင် အခွင့်အလမ်းအတွက် ပြည်ပသို့ ထွက်ခွာမည်ဆိုပါက တရားဝင်အေဂျင်စီများနှင့် ဆက်သွယ်ကြခြင်းကသာ လုံခြုံစိတ်ချရသော နည်းလမ်းဖြစ်သည်။ ပြည်ပနိုင်ငံသို့ သွားရောက်၍ အိမ်ဖော်အဖြစ် အလုပ်လုပ်ကိုင်မည်ဆိုပါက နိုင်ငံအများအပြား၏ အလုပ်သမားဥပဒေမှာ အိမ်ဖော်အလုပ်အကိုင်များကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက် အိမ်ဖော်လုပ်မည့်သူမှာ အလွဲသုံးစားပြုခြင်း၊ လူကုန်ကူးခြင်းအန္တရာယ်ကျရောက်ရန် အလားအလာလွန်စွာများပြားသည်ကိုလည်း သိရှိထားကြရန်လိုသည်။

လာမည့် စက်တင်ဘာလ ၁၃ ရက်နေ့သည် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဖြစ်ပြီး ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "လူကုန်ကူးမှုတိုက်ဖျက်ဖို့ နည်းပညာကဏ္ဍမြှင့်တင်လုပ်ဆောင်စို့"ဟူ၍ ဖြစ်ရာ ဒူဘိုင်းဖြစ်ရပ်နှင့် ဆက်စပ်ကြည့်မည်ဆိုပါက နည်းပညာ၏ အရေးပါမှုကို ထင်ရှားစွာတွေ့မြင်နိုင်မည်ဖြစ်သည်။ ပြစ်မှုကျူးလွန်သူများက နည်းပညာကို ပိုမိုသုံးစွဲလာကြသည်နှင့်အမျှ လူကုန်ကူးမှုအပါအဝင် ရာဇဝတ်မှုများ နှိမ်နင်းတိုက်ဖျက်ရာတွင် အဆင့်မြင့်နည်းပညာများကို ပိုမိုသုံးစွဲလာရမည်ဟူ၍ ရှုမြင်ပါကြောင်း။ ။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲက ခန့်အပ်လွှာ လာရောက်ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်း သွားလာရေးအဖွဲ့ (International Organization for Migration– IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ (Chief of Mission) အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Dragan Aleksoski က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက် ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်ခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration– IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ (Chief of Mission) အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Dragan Aleksoski က ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်စဉ်။

## ရန်ကုန်တိုင်းဒေသကြီး (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(အဆင့်မြင့်ပညာအဆင့်) ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၂ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သရဖီဆောင် အနုပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲအကဲဖြတ်ပညာရှင်ဒိုင်များ၊ မျိုးဆက်သစ်ပြိုင်ပွဲဝင်များနှင့် မိသားစုဝင်များ၊ အနုပညာချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆိုင်းအဖွဲ့လိုက်(အမျိုးသမီး) မသဲဆုလှိုင်နှင့်အဖွဲ့၊ ဒိုးပတ်အဖွဲ့လိုက် (အမျိုးသား) မောင်စစ်ဇေယျာထွန်းနှင့်အဖွဲ့တို့ ဖျော်ဖြေတင်ဆက်မှုနှင့် ငြိမ့်ညောင်းသံသာ တေးအလင်္ကာ သံစုံတီးဝိုင်းအဖွဲ့၏ သရုပ်ပြဖျော်ဖြေတင်ဆက်မှုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဧည့်သည်ပရိသတ်များက ကြည့်ရှုအားပေးကြပြီး **(အောက်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့် ငွေများ ပေးအပ်သည်။

ထို့နောက် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ဘာသာရပ်အလိုက် ဂုဏ်ပြုလက်မှတ်ရရှိသူများအား ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကြသည်။

နံနက်ပိုင်းတွင် ဦးစွာပြိုင်ပွဲအကဲဖြတ်ပညာရှင်ဒိုင်အဖွဲ့သည် အတီးပြိုင်ပွဲ သတ်မှတ်နေရာဖြစ်သည့် သရဖီဆောင် အနုပညာခန်းမနှင့်သဇင်ဆောင်တို့တွင်နေရာယူကြပြီးပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုကာ အကဲဖြတ်အမှတ်များ ပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင် မျိုးဆက်သစ်လူငယ်များက အဆင့်မြင့်ပညာအဆင့် အတီးဘာသာရပ်တွင် ပါဝင်သည့် ဆိုင်းတစ်ဦးချင်း၊ ဆိုင်းအဖွဲ့လိုက်၊နှဲ၊အိုးစည်၊ဒိုးပတ်၊ အဆင့်မြင့်ပညာအဆင့် အဆိုဘာသာရပ်တွင် ပါဝင်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ဖြင့် ယှဉ်ပြိုင်ကြကြောင်း သိရသည်။**သတင်းစဉ်**






## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

■ *ရှေ့ဖုံးမှ*

Amur ပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Mr. Vasilii Orlov နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်းမှတစ်ဆင့် Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြသည်။

ယင်းနောက် Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းသို့ ရောက်ရှိခဲ့ရာတွင် ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း State Space Corporation “Roscosmos” ၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Yuri Borisov၊ “Roscosmos” အာကာသအေဂျင်စီ၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ပညာရှင် Mr. Nikita Perminov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**အမှတ်တရစုပေါင်းဓာတ်ပုံရိုက်**

ထို့နောက် Angara ဒုံးပျံပစ်လွှတ်စင် တည်ဆောက်မှုလုပ်ငန်းခွင်နေရာနှင့် Soyuz-2 ဒုံးပျံပစ်လွှတ်စင်နေရာတို့သို့ ရောက်ရှိကြပြီး နည်းပညာရပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များအား ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။ ဆက်လက်ပြီး Technical Complex အတွင်းရှိ Rocket တပ်ဆင်ရေးအလုပ်ရုံနှင့် ဂြိုဟ်တုထုတ်လုပ်ရေးအလုပ်ရုံအတွင်း လိုက်လံရှင်းလင်းပြသကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိတ်ပါဝင်စားစွာဖြင့် အလုပ်ရုံတစ်ခုချင်းစီအလိုက် သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး Rocket တပ်ဆင်ရေးအလုပ်ရုံအတွင်းရှိ Soyuz-2 ဒုံးပျံရှေ့တွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ပထမဆုံးအာကာသယာဉ်ကို စတင်လွှတ်တင်နိုင်ခဲ့ပြီး စတင်တည်ထောင်ချိန်မှ ယနေ့အထိ အာကာသယာဉ် ၁၁ စင်းကို လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**တွေ့ဆုံဆွေးနွေး**


ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Engineering-technical building (GP-5) သို့ ရောက်ရှိကြပြီး ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း State Space Corporation “Roscosmos” ၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Yuri Borisov နှင့် တွေ့ဆုံဆွေးနွေးသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် အာကာသနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံများ၊ အကြံပြုချက်များ၊ နည်းပညာဆိုင်ရာများနှင့် လူသားအရင်းအမြစ် မွေးထုတ်ရေးဆိုင်ရာတို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံ နည်းပညာရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Amur ပြည်နယ်၊ Blagoveshchensk မြို့၊ Ignatyevo အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Buryatia ပြည်နယ်၊ Ulan-Ude မြို့၊ Baikal လေဆိပ်သို့ ဆက်လက်ထွက်ခွာကြရာ Amur ပြည်နယ်အစိုးရအဖွဲ့ အကြီးအကဲ Mr. Vasilii Orlov နှင့် အဖွဲ့ဝင်များက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံပိုင် အာကာသကော်ပိုရေးရှင်း State Space Corporation “Roscosmos” ၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Yuri Borisov နှင့် တွေ့ဆုံဆွေးနွေးစဉ်။**


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Rocket တပ်ဆင်ရေး အလုပ်ရုံအတွင်းရှိ Soyuz-2 ဒုံးပျံရှေ့တွင် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Vostochny Cosmodrome အာကာသယာဉ်လွှတ်တင်ရေးစခန်းကို ကြည့်ရှုလေ့လာစဉ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Republic of Buryatia ပြည်နယ်၊ Ulan-Ude မြို့သို့ ရောက်ရှိ Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်လေ့လာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းအတွင်း ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Amur ပြည်နယ်၊ Blagoveshchensk မြို့၊ Ignatyevo အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Republic of Buryatia ပြည်နယ်၊ Ulan–Ude မြို့၊ Baikal လေဆိပ်သို့ ရောက်ရှိကြရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov က ၎င်းတို့ပြည်နယ်မှ နောက်ဆုံးအဆင့်မြှင့်တင် ထုတ်လုပ်ထားသည့် ရဟတ်ယာဉ်ကို လေဆိပ်၌ လိုက်လံပြသခဲ့ပြီး အတွင်းပိုင်း၊ အပြင်ပိုင်း ပြင်ဆင်ထားရှိမှုနှင့် စွမ်းဆောင်ရည်များကို ရှင်းလင်းတင်ပြခဲ့ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြရာ မဟာယန ဗုဒ္ဓဘာသာခေါင်းဆောင် Damba Bandmaeich Ayusheev နှင့် သံဃာတော်များက ကြိုဆိုနှုတ်ဆက်ကြပြီး ကျောင်းတော်အတွင်း ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ၁၂ ပါးမြောက် လားမားဘုန်းတော်ကြီး၏ ရုပ်ကလပ်တော်အား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားမှုအပေါ် နာယူကြည်ညိုသည်။

**မိန့်ကြားတော်မူ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား မဟာယန ဗုဒ္ဓဘာသာခေါင်းဆောင် Damba Bandmaeich Ayusheev နှင့် သံဃာတော်ကြီးများက ကျောင်းဧည့်ခန်းမတွင် လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များ မြန်မာနိုင်ငံသို့ သာသနာပြုရောက်ရှိခဲ့စဉ် ရှေးဟောင်းဘုရားစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှုနှင့် နေရာဒေသတိုင်းတွင် ဗုဒ္ဓသာသနာတော် ယဉ်ကျေးမှုများကို တွေ့မြင်ခဲ့ရသည့်အတွက် ကြည်နူးဝမ်းမြောက်မိသည့် အခြေအနေများ၊ မော်စကိုမြို့၊ ကာလုဂါပြည်နယ်၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်၌ မြန်မာနိုင်ငံမှ ရွှေစည်းခုံပုံတူစေတီတော်ကြီး လာရောက်တည်ထားကိုးကွယ်မှုသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ပထမဆုံးလာရောက်တည်ထားကိုးကွယ်သည့် ဗုဒ္ဓသာသနာစေတီပုထိုးဖြစ်ပြီး ဗုဒ္ဓသာသနာတော်ထွန်းကားရေးအတွက် များစွာအထောက်အပံ့ဖြစ်စေသည့် အခြေအနေများနှင် ပတ်သက်၍ မိန့်ကြားတော်မူသည်။

**ထိန်းသိမ်းစောင့်ရှောက်**

ဆရာတော်ကြီး၏ မိန့်ကြားမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကို အများစုကိုးကွယ်ကြပြီး အခြားသော ကိုးကွယ်ရာဘာသာများကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုပေးထားသည့် အခြေအနေများ၊ သာသနာတော်ဆိုင်ရာ အဆောက်အဦများကို အထွတ်အမြတ်ထား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ပူဇော်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်များကို ကျောက်စာချပ်များပေါ်တွင် ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်၍ ကျောက်စာရုံစေတီတော်များ တည်ထားပူဇော်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ လျှောက်ထားတော်မူသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာယန ဗုဒ္ဓဘာသာခေါင်းဆောင် ဆရာတော်ကြီးအား ဗုဒ္ဓရုပ်ပွားတော်မြတ်များ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၏ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် စုပေါင်းအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက လက်ခံရယူပြီး ဓမ္မလက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

အဆိုပါ Ivolginsky Dastan ဘုန်းတော်ကြီးကျောင်းသည် Ulan–Ude မြို့မှ ၂၃ ကီလိုမီတာအကွာ Buryatia ဒေသ၊ Verkhnyaya Ivolga ရွာအနီးတွင် တည်ရှိပြီး ၁၉၄၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်က အဆိုပါဘုန်းတော်ကြီးကျောင်းသည် Central Spiritual Board of Buddhists of the USSR ၏ နေရာဖြစ်ခဲ့ပြီးနောက်ပိုင်းတွင် ရုရှားနိုင်ငံရှိ သံဃာအဖွဲ့အစည်းများအတွက် အသုံးပြုလာခဲ့ခြင်း ဖြစ်ကြောင်း၊ အဆိုပါနေရာသည် ရုရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များ၏ ဌာနချုပ်တစ်ခုကဲ့သို့ဖြစ်ပြီး ဗုဒ္ဓဘာသာဆိုင်ရာ ပညာရပ်များနှင့် လေ့ကျင့်မှုများကို ဆောင်ရွက်လျက်ရှိသည် နေရာတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Ulan–Ude မြို့၊ Baikal လေဆိပ်သို့ ရောက်ရှိရာ Republic of Buryatia ပြည်နယ်အစိုးရအဖွဲ့အကြီးအကဲ Aleksey Sambuyevich Tsydenov က ကြိုဆိုနှုတ်ဆက်စဉ်။

# ပြည်ထဲရေးဝန်ကြီးဌာန၏ (ဒုတိယအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၁၀၀၀ စိုက်ပျိုး

**နေပြည်တော် စက်တင်ဘာ ၉** ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် (ဒုတိယအကြိမ်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးဧရိယာ၌ ကျင်းပခဲ့ပြီး ရတနာတန်းဝင် ကျွန်းပင် ၁၀၀၀ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်နှင့်ဇနီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်စိုက်ပျိုးပေးခဲ့ကြသည်။

ပြည်ထဲရေး ဝန်ကြီးဌာန၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ မဟော်ဂနီ၊ ပိတောက်၊ သင်းဝင်၊ ခရေ၊ အရိပ်ရလေကာ မန်ကျည်းရှား စသည့်အပင်စုစုပေါင်း ၁၁၂၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် ဒေသအနှံ့ ရုံးဌာနအားလုံးတွင် ယနေ့အထိ ရတနာတန်းဝင် အပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များ စုစုပေါင်း ၁၅၇၅၃၇ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ပြီး သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၉** နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သည် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့်အတူ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ လွယ်မွေကျေးရွာအုပ်စု ပန်ကွဲကျေးရွာရှိ ဗုဒ္ဓဥယျာဉ်တော် အတက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ဗုဒ္ဓဥယျာဉ်အတွင်း ဆေးပေးခန်း ဆောက်လုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။





ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် လွယ်မွေမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြား၍ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ကာ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခြေခံပညာ အထက်တန်းကျောင်း (လွယ်မွေ) သို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများကို တွေ့ဆုံ၍ ကျောင်းအတွက် သင်ထောက်ကူ ပစ္စည်းများနှင့် အဆောက်အအုံလိုအပ်ချက်များ အပေါ် မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေး အတွက် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်း ကျောင်းခန်းမ၌ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) မှ ဝန်ထမ်းများ၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေ၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာများ၊ အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် သင်တန်းကျောင်းဝင်းများအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ထားသော ကျိုင်းတုံမြို့နယ် နမ့်ခင်ချောင်းဝဲ/ယာတွင် နေရောင်ခြည်သုံး ဆိုလာရေတင်စနစ်ဖြင့် ချောင်းရေတင်ခြင်းလုပ်ငန်းကို သွားရောက် ကြည့်ရှုလေ့လာသည်။ ယင်းနောက် မိုင်းခတ်မြို့ ဝမ်ခုတ်ကျေးရွာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပြီးစီးခဲ့သည့် နမ့်လွေချောင်းမှ ဆိုလာစနစ်ဖြင့် ချောင်းရေတင်စိုက်ပျိုးရေးလုပ်ငန်း (Pilot Project) ဖြင့် သီးထပ်သီးညှပ်များ တိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိုင်းခတ်-မိုင်းညွင်းလမ်းပိုင်း ၂၂/၀ မိုင်ကို ကြည့်ရှုစစ်ဆေးပြီး ရာသီမရွေး သွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် မိုင်းခတ်မြို့နယ် ဖာလံကော်ကျေးရွာအုပ်စု တောင်သုံးလုံးကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ထားသော ဆိုလာစနစ်ဖြင့် ချောင်းရေတင်စိုက်ပျိုးရေးလုပ်ငန်းကို သွားရောက်လေ့လာကြည့်ရှုပြီး တောင်သူများအား သီးထပ်သီးညှပ်များ စဉ်ဆက်မပြတ် စိုက်ပျိုး၍ လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်ကြရေး တိုက်တွန်းအားပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၁ -၂၀၂၂(၆)လ ဘဏ္ဍာကာလ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျိုင်းတုံမြို့နယ် ကတ်ထိုက် ကျေးရွာအုပ်စု မက်ကျန်း-တုံကွမ်ရွာတွင်းလမ်း ပေ ၂၃၁၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် နမ့်အောချောင်း ၂၅ ပေ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဒေသခံတိုင်းရင်းသား ပြည်သူများက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ဆန်နှင့် ဆီများ လှူဒါန်းထောက်ပံ့ခဲ့ကြသည်။ ဆက်လက်၍ ကတ်ထိုက်ကျေးရွာအုပ်စု ကတ်ထိုက် - လွယ်ပန်တောင်း-အင်ဂိုလုံလမ်း ၃၃ မိုင် ၅ဖာလုံပေါ်တွင် ၁ မိုင် ၄ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များအတွက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားသူများအနက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့်နေရာများကို ကျန်းမာရေးဝန်ကြီးဌာန၏ Face-book Page, Website, ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website, ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာန Website, လျှောက်လွှာလက်ခံသော တက္ကသိုလ်(၂၆)ခုတို့တွင် ကြေညာထားပြီးဖြစ်ပါ၍ ကြေညာချက်ပါ အချက်အလက်များကို သေချာစွာဖတ်ရှုပြီး ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ လာရောက်ဖြေဆိုရန် ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| ဖြေဆိုရမည့်ခုံအမှတ် | ဖြေဆိုရမည့်နေ့ရက် | ဖြေဆိုရမည့်နေရာ |
|---|---|---|
| ခုံအမှတ်(၁)မှ(၁၅၀)ထိ | ၁၂-၉-၂၀၂၂ | သားဖွားသင်တန်းကျောင်း နေပြည်တော် |
| ခုံအမှတ်(၁၅၁)မှ(၃၀၀)ထိ | ၁၃-၉-၂၀၂၂ | |
| ခုံအမှတ်(၃၀၁)မှ(၄၅၀)ထိ | ၁၄-၉-၂၀၂၂ | |
| ခုံအမှတ်(၄၅၁)မှ(၆၀၀)ထိ | ၁၅-၉-၂၀၂၂ | |
| ခုံအမှတ်(၆၀၁)မှ(၇၅၀)ထိ | ၁၆-၉-၂၀၂၂ | |
| ခုံအမှတ်(၇၅၁)မှ(၉၀၀)ထိ | ၁၉-၉-၂၀၂၂ | |
| ခုံအမှတ်(၉၀၁)မှ(၁၀၅၀)ထိ | ၂၀-၉-၂၀၂၂ | |
| ခုံအမှတ်(၁၀၅၁)မှ(၁၂၀၀)ထိ | ၂၁-၉-၂၀၂၂ | |
| ခုံအမှတ်(၁၂၀၁)မှ(၁၃၃၅)ထိ | ၂၂-၉-၂၀၂၂ | |

**ကျန်းမာရေးဝန်ကြီးဌာန**
(၉-၉-၂၀၂၂)

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ သင်တန်းတစ်ခေါက်အတွေ့အကြုံ

**ကသ-၂၄၅၊ သူရိန် ၉၀ (ကံ့ကော် ၈)**



**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သင်တန်းကို ပထမဆုံးအကြိမ်အဖြစ် ဝန်ထမ်းလုပ်သက် ၁၀ နှစ်ကျော်မှ စာရေးသူအနေဖြင့် တက်ရောက်ခဲ့ရသည်။ ကြားကာလတွေမှာ မတက်ရောက်ဖြစ်သည်က ဌာနလုပ်ငန်းခွင်တွင် လုပ်ငန်းလိုအပ်ချက်အရ မတက်ရသည်သာဖြစ်ပေသည်။ စာရေးသူ၏ အိပ်မက်မှာကား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဇီးပင်ကြီးသို့ တက်ရောက်လိုသည့် ဆန္ဒကား အမြဲပင်ရှိနေခဲ့သည်။**

### တန်ဖိုးမဖြတ်နိုင်

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ တက်ရောက်ရန် စာရေးသူ၏ အမည်စာရင်း ထွက်လာသည့်အခါ အလှည့်ကျော်ခဲ့ရပြီး အလုပ်တာဝန်များဖြင့် မြန်မာပြည်အနှံ့ရောက်သွားတတ်သည်က အခါခါပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ယခုအခါ အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၉၀) သို့ တက်ရောက်ခဲ့ရသည့် အတွေ့အကြုံနှင့် ရရှိလိုက်ရသည့် လူမှုပေါင်းသင်းဆက်ဆံရေးသည် စာရေးသူအတွက်သာမက မိခင်ဌာနအတွက်ပါ များစွာတန်ဖိုးမဖြတ်နိုင်သည်ကို ပိုမိုသိရှိခဲ့ရသည်။

စာရေးသူတို့တက်ရသည့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၉၀) သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) က ဖွင့်ခဲ့ဖူးသည့် သင်တန်းများနှင့်မတူဘဲ ထူးခြားနေသည်။ ထူးခြားချက်သည် အွန်လိုင်းစနစ်ဖြင့် သုံးလတက်ရောက်ခဲ့ရပြီး မြေပြင်သင်တန်းသို့ တစ်လတက်ရောက်ခဲ့ရသည်။ အွန်လိုင်းဖြင့်တစ်လှည့်၊ မြေပြင်ဖြင့် တစ်လှည့်ဖြစ်သည်။ အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ရသည့် သုံးလတာကာလသည် သင်တန်းသား သင်တန်းသူအချင်းချင်း ရင်းနှီးမှုခင်မင်မှုမှာ မြေပြင်သင်တန်းတွင် တစ်လတက်ရောက်ခဲ့ရသည့် ရင်းနှီးခင်မင်မှုနှင့်စာလျှင် အလွန်နည်းလှပေသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်းငယ်များအား အမျိုးသားရေး အမြင်ရရှိရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရရှိစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် သက်ဆိုင်ရာပညာရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက်စေပြီး စည်းကမ်းနှင့် ကိုယ်ကျင့်သိက္ခာကို စောင့်သိထိန်းသိမ်းတတ်သော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်နှင့် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်လာစေရန် အထောက်အကူပြုမည့် စီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုနှင့် အထွေထွေပညာမြင့်မားမှုတို့အတွက် ဝန်ထမ်းလေ့ကျင့်ရေးဆိုင်ရာပညာရပ်များ အရှိန်အဟုန်မပျက်စေရေး စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ထိရောက်ထက်မြက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လေ့ကျင့်ပေးရန်ဖြစ်ပါသည်။

### မဖြစ်မနေသင်ယူသင့်

ယင်းစနစ်များကို စာရေးသူတို့ အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၉၀) သင်တန်းသားများအနေဖြင့် အွန်လိုင်းစနစ်ဖြင့် စီမံခန့်ခွဲမှုပညာဘာသာရပ်၊ စီးပွားရေးပညာဘာသာရပ်၊ ဥပဒေပညာဘာသာရပ်၊ လူမှုရေးသိပ္ပံပညာဘာသာရပ်၊ နိုင်ငံရေးသိပ္ပံပညာဘာသာရပ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်တို့ကို သင်ကြားပို့ချပေးခြင်းများကို သင်ယူခဲ့ကြရသည်။ အပတ်စဉ်တိုင်း စာမေးပွဲများဖြေဆိုကြရပြီး အဆိုင်းမန့်များ ဘာသာရပ်အလိုက် တင်ပေးကြရသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မဖြစ်မနေသင်ယူသင့်သည့် ဘာသာရပ်များ ဖြစ်ပေသည်။

မြေပြင် In-House Learning စနစ်ဖြင့် သင်ကြားခဲ့သည့် ဘာသာရပ်များမှာ စီမံခန့်ခွဲမှုပညာဘာသာရပ်၊ စီးပွားရေးပညာဘာသာရပ်၊ ဥပဒေပညာဘာသာရပ်၊ လူမှုရေးသိပ္ပံပညာဘာသာရပ်၊ နိုင်ငံရေးသိပ္ပံပညာဘာသာရပ်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်အပြင် ကာကွယ်ရေးပညာဘာသာရပ်ကိုလည်း ထပ်တိုးသင်ကြရသည်။ သင်ကြားပေးသည့် ဆရာ ဆရာမများအနေဖြင့်လည်း သင်တန်းသား သင်တန်းသူများကို ဘာသာရပ်အလိုက် နားလည်သဘောပေါက်စေရန် သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားပို့ချပေးသည်မှာ သင်တန်းသားများအနေဖြင့် ပိုမိုသိရှိလာရသည်။

### လုပ်ငန်းခွင်အတွင်း များစွာအထောက်အကူပြု

စာရေးသူတို့ တက်ရောက်ခဲ့သည့် အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ် (၉၀) တွင် သင်တန်းသား ၁၈၀၊ သင်တန်းသူ ၂၇၆ ဦး စုစုပေါင်း ၄၅၆ ဦးတို့ကို သင်တန်းစီမံအုပ်ချုပ်ရေး အဖွဲ့အနေဖြင့် အဆောင်စည်းကမ်း၊ စားရိပ်သာစည်းကမ်း၊ သွားလာမှုစည်းကမ်း၊ စာသင်ဆောင်စည်းကမ်းများကို စနစ်တကျသတ်မှတ်ပေးပြီး ထိန်းကျောင်းပေးသည်မှာ သင်တန်းသားအချင်းချင်း စည်းလုံးမှုကို ပိုမိုရရှိစေခဲ့သည်။ အချိန်ကို စီမံခန့်ခွဲနိုင်မှုများနှင့် အခြေခံသဘောတရားများစသည့် စွမ်းဆောင်ရည်များ၊ ထားရှိရမည့် စိတ်ဓာတ်၊ မွေးမြူရမည့် အလေ့အကျင့်ကောင်းများကို သိရှိခဲ့ရသည့်အတွက် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်အတွင်း များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သင်တန်းမှရရှိခဲ့သည့် အကျိုးကျေးဇူးများရှိပါသည်။ ထိုအကျိုးကျေးဇူးများမှာ

၁။ သင်ကြားခဲ့ရသည့် ဘာသာရပ်များအားလုံးသည် သက်ဆိုင်ရာဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအတွက် အလွန်အကျိုးဖြစ်ထွန်းခြင်း။

၂။ အဖွဲ့အစည်းများ၊ ပြည်သူနှင့် နိုင်ငံတော်အကြား၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်အကြားထားရှိဆောင်ရွက်ရမည့် စိတ်ဓာတ်ကောင်းများနှင့် အလေ့အကျင့်ကောင်းများကိုတိုးတက်လာစေခြင်း။

၃။ နိုင်ငံတော်က ချမှတ်ကျင့်သုံးဆောင်ရွက်နေသော လမ်းညွှန်ချက်များ၊ မူဝါဒများကိုကောင်းစွာ သိရှိနားလည်စေပြီး ပြည်သူတို့၏ အကျိုးစီးပွားကို ကူညီဆောင်ရွက်ပေးနိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွက်လာခြင်း။

၄။ နိုင်ငံ့ဝန်ထမ်းများအား ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် နည်းပညာရပ်များ၊ အတွေးအခေါ်များကိုလည်း အချိန်တိုအတွင်း သိရှိမှတ်သားခဲ့ရခြင်း။

၅။ သင်တန်းချိန် ကာလအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်စေပြီး တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှု၊ ပူးပေါင်းဆောင်ရွက်တတ်စေမှု၊ စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှုတို့ကို သိရှိလိုက်နာတတ်ခြင်း။

၆။ သင်တန်းတွင် ဌာနပေါင်းစုံမှ ဝန်ထမ်းများ တက်ရောက်ရသဖြင့် အချင်းချင်းရင်းနှီးမှုရှိပြီး ဌာနအချင်းချင်း ဆက်သွယ်ချိတ်ဆက်ရသော လုပ်ငန်းများ၊ ပူးပေါင်း ဆောင်ရွက်ရသော လုပ်ငန်းများ၌ ပိုမိုမြန်ဆန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်းဆိုသည့် အကျိုးကျေးဇူးများကို ရရှိခဲ့ပါသည်။

### မိမိရာထူးနှင့် လျော်ညီသည့် သင်တန်းများသို့ တက်ရောက်သင့်

ထို့ကြောင့် စာရေးသူရရှိခဲ့ရသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)(အောက်မြန်မာပြည်) သင်တန်းများသို့ မတက်ရောက်ရသေးသည့် နိုင်ငံ့တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အမျိုးသားရေးအမြင်၊ စိတ်ဓာတ်ကြံ့ခိုင်မှုရရှိစေရေး၊ သက်ဆိုင်ရာပညာရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက်စေရေးနှင့် လက်တွေ့အသုံးချနိုင်ရေးတို့အတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် မိမိရာထူးနှင့် လျော်ညီသည့် သင်တန်းများသို့ ပျော်ရွှင်စွာ တက်ရောက်နိုင်ကြရန် တိုက်တွန်းလိုက်ရပါကြောင်း…။ ။

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်းငယ်များအား အမျိုးသားရေးအမြင်ရရှိရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရရှိစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် သက်ဆိုင်ရာပညာရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက်စေပြီး စည်းကမ်းနှင့် ကိုယ်ကျင့်သိက္ခာကို စောင့်သိထိန်းသိမ်းတတ်သော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်နှင့် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်လာစေရန် အထောက်အကူပြုမည့် စီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုနှင့် အထွေထွေပညာမြင့်မားမှုတို့အတွက် ဝန်ထမ်းလေ့ကျင့်ရေးဆိုင်ရာပညာရပ်များ အရှိန်အဟုန်မပျက်စေရေး စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်ထက်မြက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လေ့ကျင့်ပေးရန် ဖြစ်ပါသည်**

# ပြည်သူများ၏ လိုလားချက်၊ ဆန္ဒများကို သိရှိနေရန် လူထုသဘောထားအမြင်များကိုလည်း အမြဲလေ့လာဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့တိုင်းဒေသကြီးရုံး ခရိုင်နှင့် မြို့နယ်တို့မှ ဝန်ထမ်းများ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် (မန္တလေး) မှ ဝန်ထမ်းများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) မှ ဝန်ထမ်းများနှင့် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ( မန္တလေး) မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ မိမိတို့ဝန်ကြီးဌာနသည် မီဒီယာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည်ဖြစ်၍ လုပ်ငန်းအားလုံးကို လေးလေးနက်နက် ခံယူဆောင်ရွက်ကြစေလိုကြောင်း၊ တစ်နည်းအားဖြင့် သာမန်လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကိုသာ ဆောင်ရွက်ရခြင်းမဟုတ်ဘဲ အခြေအနေ၊ အချိန်အခါအရ ပြောင်းလဲဆောင်ရွက်ရသည်များရှိသည့်အတွက် အရာရာကို သာမန်အဆင့်သာ တွေးတောလုပ်ကိုင်ခြင်း မပြုလုပ်ကြရန် သတိပြုစေလိုကြောင်း၊ မီဒီယာလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုသည် လွန်စွာကျယ်ပြန့်ကြီးမားသည့်အတွက် ကျွမ်းကျင်မှုရှိအောင် ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်၊ ခံယူချက်ကောင်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထို့ပြင် နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ပြည်သူလူထုသိရှိအောင် ဆောင်ရွက်ပေးရန်နှင့် သတင်းတု၊ သတင်းယောင်၊ သတင်းမှားများကိုလည်း နည်းလမ်းပေါင်းစုံဖြင့် တိုက်ဖျက်ကြရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် မိမိတို့၏ အရည်အချင်းကို မြှင့်တင်ရမည်ဖြစ်သကဲ့သို့ မိမိတို့ တတ်မြောက်သည်များကို အခြားဝန်ထမ်းများသို့ လက်ဆင့်ကမ်းမျှဝေပေးကြရန် လိုအပ်ကြောင်း၊ ပြည်သူများ၏ လိုလားချက်၊ ဆန္ဒများကို သိရှိနေရန် လူထုသဘောထားအမြင်များကိုလည်း အမြဲလေ့လာ ဆောင်ရွက်နေရန်နှင့် ကောင်းမွန်သည့် လူထုသဘောထားအမြင်များ ဖြစ်ပေါ်လာစေရန် ပြည်သူ့ဆက်ဆံရေး နည်းလမ်းများဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဌာနအလိုက် ဝန်ထမ်းများအတွက် လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) ပုံနှိပ်စက်ခန်း၊ CTP (Computer to Plate) ခန်းနှင့် ကြော်ငြာဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့သည်။

**သတင်းစဉ်**





# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး၌ ပုညရှင်သာသနာ့ဗိမာန် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားနှင့် တောင်အဆင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲတက်ရောက်

**မုံရွာ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၈ ရက်က စစ်ကိုင်းမြို့ ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး ဝါသနာရှင်ကျား-မ အကဘာသာရပ်တွင် ပထမ၊ ဒုတိယဆုရရှိကြသော အနုပညာရှင်ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မြင့်မြင့်အောင်က အဆင့်မြင့်ပညာနှင့် ၁၀-၁၅ အကပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အဆင့်မြင့် ပညာ(မ) အကနှင့် မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့ ဆုရရှိသူများ၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က ကဗျာလွတ်အဖွဲ့၊ ကျေးလက်ရိုးရာအဖွဲ့နှင့် ရုပ်သေးပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ဇော်ထွန်းဦးက မဟာဂီတ(ကျား-မ)ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများ ချီးမြှင့်သည်။

ထို့နောက်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဘာသာရပ်အသီးသီးတွင် ဆုရရှိကြသူများအား ဆုများ ချီးမြှင့်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်ထံ ဂုဏ်ပြုလက်မှတ်အားပေးအပ်ကာ ဆုရရှိကြသော ပြိုင်ပွဲဝင်အနုပညာရှင်များက အဆို၊ အကများဖြင့် ပြန်လည်ဖျော်ဖြေကြပြီး အောင်စေပိုင်စေသီချင်းဆို၍ အခမ်းအနား ရုပ်သိမ်းကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အနုပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်မှ ၇ ရက်အထိ ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲဝင် ၂၅၁ ဦးမှ ပြိုင်ပွဲအမျိုးအစား ၂၃ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်ကြီး ရင်ပြင်တော်ပေါ်၌ ကျင်းပသော ပုညရှင်သာသနာ့ဗိမာန်တော် ပန္နက်တော်တင်မင်္ဂလာ အခမ်းအနား တက်ရောက်သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး စစ်ကိုင်းမြို့ ခေမာသီဝံကျောင်းတိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တပညာသီရိ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပန္နက်တိုင်၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ပန်းတို့အား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ဆက်လက်၍ မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သတ်မှတ်နေရာများတွင် ပန္နက်တော်တင် မင်္ဂလာပြုလုပ်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါ ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး အနောက်ဘက် ရင်ပြင်တော်ပေါ်တွင် တည်ဆောက်မည့် ပုညရှင်သာသနာ့ဗိမာန်တော်ကြီးသည် အလျား ၁၀၈ ပေ၊ အနံ ၅၄ ပေ၊ အမြင့် ၁၈ ပေဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆွမ်းဦးပုညရှင် တောင်ဆင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**



အဆိုပါ ဆွမ်းဦးပုညရှင်အဆင်းလမ်းသည် အရှည်ပေ ၁၈၀၀၊ အကျယ် ၁၈ ပေ၊ ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ကတ္တရာ ၁၉ တန် ထောက်ပံ့ကာ အလှူရှင်ထည့်ဝင်ငွေ ၂၀ ဒသမ ၁၀ သန်း၊ စုစုပေါင်း ကုန်ကျငွေကျပ် ၄၉ ဒသမ ၈၃ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။

ယခင်က ဘုရားဖူးပြည်သူများအနေဖြင့် ဆွမ်းဦးပုညရှင်စေတီတော်ကြီးသို့ ဘုရားဖူးလာရောက်ရာတွင် အဆင်းလမ်းပျက်စီးနေမှုကြောင့် အတက်လမ်းတစ်လမ်းတည်းကို အသုံးပြုကာ အတက်၊ အဆင်းပြုလုပ်လျက်ရှိရာမှ ယခုအခါ အဆိုပါအဆင်းလမ်းပျက်စီးမှုများကို ပြုပြင်ကာ ကတ္တရာလမ်းသစ်ခင်းပြီးဖြစ်ပါ၍ ဘုရားဖူးပြည်သူများအနေဖြင့် အတက်တစ်လမ်း၊ အဆင်း တစ်လမ်း အသုံးပြုနိုင်ခြင်းကြောင့် သွားလာမှုလွယ်ကူ ချောမွေ့မြန်ဆန်ပြီး ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်တော့မည် ဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပင်လယ်ရေအောက်နှင့်ကုန်းပေါ်တွင် ဆက်ကြောင်းပြတ်တောက်ပါက အချိန်တိုအတွင်း သိရှိစေရေးနှင့် အမြန်ဆုံးပြုပြင်နိုင်ရေး စီမံဆောင်ရွက်ထား

**နေပြည်တော် စက်တင်ဘာ ၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လောကနန္ဒာဘုရား ကမ်းပါးအောက်ခြေ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စနစ် (SEA–ME–WE–5) ၏ Cable Landing Station တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နံနက်ပိုင်းတွင် ပုသိမ်မြို့အနီး ငဝန်မြစ်ရေတိုက်စားမှုမှ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လောကနန္ဒာဘုရားကမ်းပါးအောက်ခြေတွင် ကမ်းပြိုမှုကာကွယ်ရေးဆောင်ရွက်ထားရှိမှု၊ ကမ်းပြိုကာကွယ်ရေး ထိန်းသိမ်းနိုင်ရန် ဘုရား၏အထက်ဘက် Up Stream မှ သောင်တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်ထားရှိမှုကို အသေးစိတ်ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက ရေတိုက်စားမှုဖြစ်ပေါ်သည့် ကမ်းပါးနေရာများ တည်တံ့အောင် စနစ်တကျ စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ဆောင်ရွက်ရန်၊ ရေတိုက်စားမှု ထပ်မံမဖြစ်ပွားစေရေး၊ လိုအပ်သည့်နေရာများတွင် သောင်တူးဖော်ရေးလုပ်ငန်းများအား ကြိုတင်စီမံဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ ဝဲဒေါင့်ဆိပ်ကမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ခံတံတားနေရာသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တံတားပြုပြင်မွမ်းမံရေး ဆောင်ရွက်ရန် အခြေအနေများ၊ တံတားအနီး သောင်တူးဖော်ရေး ဆောင်ရွက်သင့်သည့်အခြေအနေများကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စနစ် (SEA–ME–WE–5) ၏ Cable Landing Station သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရေအောက်ကေဘယ်လ်စနစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်နေစေရေး၊ ပင်လယ်ရေအောက်နှင့် ကုန်းပေါ်တွင် ဆက်ကြောင်းပြတ်တောက်ပါက အချိန်တိုအတွင်း သိရှိစေရေးနှင့် အမြန်ဆုံးပြုပြင်နိုင်ရေး စီမံဆောင်ရွက်ထားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အစည်းအဝေးခန်းမတွင် ပုသိမ်မြို့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများကို တွေ့ဆုံရာ တိုင်းဒေသကြီးအဆင့် တာဝန်ခံအရာရှိများက ဌာန၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဘဏ္ဍာငွေ ရှာဖွေနိုင်မှုနှင့် သုံးစွဲမှု၊ ဝန်ထမ်းသက်သာ ချောင်ချိရေး ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မိမိဌာနအလိုက် ရည်မှန်းချက်၊ လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်ရည်မြင့်မားရေးကို အလေးထားဆောင်ရွက်ရေး၊ လက်ရှိအခြေအနေအချိန်အခါနှင့် ကိုက်ညီသော လုပ်ငန်းအစီအမံများကို ပြန်လည်သုံးသပ်၍ လုပ်ငန်းများတိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အများပြည်သူသယ်ယူပို့ဆောင်ရေး (Public Transport–ation) လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရေးနှင့် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေး၊ ဝန်ထမ်းများ လုံခြုံရေးအသိ/သတိရှိရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးအစီအမံများကို ရေးဆွဲချမှတ် လေ့ကျင့်ဆောင်ရွက်ရေး၊ ကိုဗစ်–၁၉ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော SOP နှင့်အညီလိုက်နာရေး ရုံးဌာနများတွင် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ထိန်းကျောင်းပေးရသည့် အဖွဲ့အစည်းဖြစ်

**ရန်ကုန် စက်တင်ဘာ ၉**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် နိုင်ငံတော် နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့ အတွက် စစ်ဆေးခြင်းဖြင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ပိုမိုအားကောင်းခိုင်မာစေရန် ထိန်းကျောင်းပေးရသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါကြောင်း၊ သို့ပါ၍ ဝန်ထမ်းများ အနေဖြင့် မိမိတို့ လုပ်ငန်းတာဝန်၏လေးနက်မှုကို ကောင်းစွာသိရှိနားလည်၍ ဂုဏ်ယူစွာဆောင်ရွက်ကြစေလိုပါကြောင်း ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦး က ပြောကြားသည်။



ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ခရိုင်၊ မြို့နယ် စာရင်းစစ် ရုံးဝန်ထမ်းများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးတင်ဦး က ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်က ပြည်သူ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ၏အကျိုးကို ပြည်သူများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရန်အတွက် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ထိရောက်စွာ စီမံခန့်ခွဲနိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုတို့ကို အလေးထား စစ်ဆေးရန် လိုအပ်ပါကြောင်း၊ ထို့အပြင် စစ်ဆေးတွေ့ရှိချက်များ၏ အကျိုးသက်ရောက်မှုနှင့် ဖြစ်ပေါ်ရသည့် အကြောင်းအရာများကို စိစစ်ဖော်ထုတ်၍ သုံးသပ်အကြံပြုချက်များဖြင့် အရည်အသွေးပြည့်ဝသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများ ထုတ်ပြန်နိုင်ရန်လည်း လိုအပ်ပါကြောင်း၊ စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် စာရင်းစစ်ကျင့်ဝတ်သိက္ခာ စောင့်ထိန်းမှုနှင့် သတင်းအချက်အလက်များ လုံခြုံမှုတို့ကို အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိလျက် မွန်မြတ်သော စိတ်စေတနာများဖြင့် ပြည်သူ့အကျိုးရှေးရှုဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများက ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား အခြေအနေ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ရသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းမိသားစုတိုင်း အာဟာရပြည့်ဝဖူလုံစွာစားသုံးနိုင်ရေးအတွက် ဌာနပိုင်ခြံများ၊ စိုက်ခင်းများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်၊ သား ငါးများ ဈေးနှုန်းသက်သာစွာရောင်းချပေး



**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံ့ဝန်ထမ်းများ သက်သာချောင်ချိရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိပြီး အာဟာရပြည့်ဝလတ်ဆတ်သော သား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ဝန်ထမ်းမိသားစုတိုင်း ဖူလုံစွာစားသုံးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ညနေပိုင်း ရုံးဆင်းချိန်တွင် ဌာနပိုင်ခြံများ၊ စိုက်ခင်းများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များ၊ သား ငါး ဟင်းစားများ၊ အာဟာရဖြည့် နွားနို့နှင့် ကြက်ဥများကို ဈေးနှုန်းသက်သာစွာရောင်းချပေးခဲ့ကြောင်း သိရသည်။

နေပြည်တော် မြို့မဈေးအနီးရှိ အအေးခန်းစက်ရုံနှင့် အသစ်ဖွင့်လှစ်ပေးမည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန် လက်လီလက်ကား အရောင်းဆိုင်နေရာတို့၌လည်း စက်တင်ဘာ ၁၀ ရက် စနေနေ့မှ စတင်၍ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ ပုဂ္ဂလိကခြံများ လက်လီလက်ကား ရောင်းချနိုင်ရန် အခွန်လွတ်ဈေးအဖြစ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းအိမ်ရာများနှင့် ရုံးဌာနများတွင်လည်း ဈေးကားများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ နေပြည်တော် ပုဗ္ဗသီရိဈေးအနီးရှိ စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်ဇဟိုဌာန အအေးခန်းသိုလှောင်ရုံဝင်းအတွင်း၌လည်း ဒေသခံစိုက်ပျိုးမွေးမြူသူများ လက်လီလက်ကား ရောင်းချနိုင်သည့် အခွန်လွတ်ဈေးတန်းတစ်ခု ဖော်ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးအစီအစဉ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ရုံး၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာပေးလုပ်ငန်းသည်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်နေသည်ဖြစ်ရာ ကော်မရှင်၏ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အဂတိလိုက်စားမှု မရှိစေရေး၊ ကော်မရှင်ရုံးရှိ ဝန်ထမ်းများ အဂတိလိုက်စားမှုမှ တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်းသည့် အသိပညာ၊ ဗဟုသုတများ ရရှိစေရေး၊ အဂတိလိုက်စားခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ခြင်း ဆက်နွှယ်နေသည့် အကြောင်းအရာများကို အသိပညာပေးရေး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့အကြောင်းကို ကော်မရှင်ရုံးရှိ ဝန်ထမ်းများ သိရှိနားလည်လာရေး စသည်တို့ကို ရည်ရွယ်လျက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး အစီအစဉ်ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

အဆိုပါ အစီအစဉ်၏ ဖွင့်ပွဲ အခမ်းအနား၌ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

အသိပညာပေးအစီအစဉ်တွင် ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့အကြောင်းကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းက အဂတိလိုက်စားခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ခြင်း အကြောင်းကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးသူရကျော်က ကော်မရှင်က လက်ခံရရှိသည့် အဂတိလိုက်စားမှုနှင့် ဆက်နွှယ်သည့်အမှုများ အကြောင်းတို့ကို လည်းကောင်း ဆွေးနွေးပို့ချကြပြီး ကော်မရှင်ရုံးချုပ်မှ ဒုတိယ ဦးစီးမှူးနှင့် အထက်ဝန်ထမ်း ၃၈ ဦးနှင့် ကော်မရှင်ရုံးခွဲများ (နေပြည်တော်)၊(မန္တလေး)၊(စစ်တွေ)နှင့် (ပုသိမ်) တို့မှ ဝန်ထမ်းငါးဦးတို့ ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးဝင်းဖေ မကွေးမြို့ မုခ်ဦးအဝင်လမ်း လမ်းထုအခြေခံလွှာခင်းနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ သည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်-တောင်ညို - မြို့သစ် - ကံပြား (မကွေး) လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်(၂၇/၀) ရှိ ရွှေပန်း -လမ်းစခန်းရှင်းလင်းဆောင်တွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို လမ်းဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူး (မြို့ပြ) တို့က အသေးစိတ် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လက်ရာများ သေသပ် အောင် ဆောင်ရွက်ကြရန် ကောင်းမွန်ရေးနှင့် လုပ်ငန်းများ မှာကြားသည်။ သတ်မှတ်ကာလအတွင်း ပြီးစီး




ဆက်လက်၍ ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် (မကွေးလမ်းအပိုင်း) မိုင်တိုင် (၄၉/၄ နှင့် ၄၉/၅) အတွင်းရှိ ၁၈ ပေအကျယ်မှ ၂၄ ပေ အကျယ် လမ်းချဲ့ခြင်းနှင့် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းနှင့်အညီ လမ်းအရည်အသွေး ကောင်းမွန်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးမြို့၏ မုခ်ဦးအဝင်လမ်း မိုင်တိုင်( ၃၃၂/၀ နှင့် ၃၃၂/၁) အတွင်း ကောင်းမွန်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော လမ်းထုအခြေခံလွှာ ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တာဝန်ရှိသူများကို မကွေးတိုင်းဒေသကြီး၏ တိုင်းမြို့တော် မုခ်ဦးအဝင်လမ်းဖြစ်သည့်အတွက် လမ်းအရည်အသွေး ကောင်းမွန်ရန်လိုအပ်ကြောင်း၊ လမ်းအမှတ်အသားနှင့် မုခ်ဦးနှင့်အတူ ဆက်စပ် လမ်းအပိုင်းကိုလည်း အရည်အသွေး ပြည့်မီအောင် ဆောက်ရွက်ရန် လိုကြောင်း၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များအတွက် အန္တရာယ်ကင်းစွာ သွားလာနိုင်အောင် စနစ်တကျ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း တာဝန်ရှိသူများကို အသေးစိတ် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၃)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၉**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့တွင် တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အနုပညာ အမွေအနှစ်များ မပျောက်ပျက်စေရန်၊ မျိုးဆက်သစ်လူငယ်များကို လက်ဆင့်ကမ်းပေးနိုင်ရန်၊ အမိနိုင်ငံကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်များ ပိုမိုထွန်းကားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့သည့် တောင်ကြီးခရိုင်၏(၂၃)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အင်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အကအဖွဲ့မှ ကပြဖျော်ဖြေပြီး (၂၃)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လှိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သက်သက်ဦးနှင့် ဦးခင်မောင်ဝင်း တို့ကလည်းကောင်း၊ အကပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထိန်လင်းသိန်းနှင့် အတွင်းရေးမှူး(ကိုယ်စား) ရဲမှူးနေမျိုး တို့က လည်းကောင်း၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တောင်ကြီးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ အောင်နေမျိုးနှင့် ခရိုင်ပညာရေးမှူး ဒေါ်ယဉ်မင်းစုတို့က လည်းကောင်း၊ အတီးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များအား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။



ထို့နောက် (၂၃)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အကဲဖြတ်ဒိုင်များနှင့် အတီးပညာရှင်အား ဂုဏ်ပြုချီးမြှင့်ငွေများကို တောင်ကြီးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်က လည်းကောင်း၊ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းပေးကြသည့် အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများကို ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌက လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ဆုရရှိခဲ့ကြသည့် အကပြိုင်ပွဲနှင့် အဆိုပြိုင်ပွဲဝင်များက ဖျော်ဖြေ တင်ဆက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘက်စုံစိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်း(၁၀)မိုင်၌ မှိုမျိုးစုံမွေးမြူ စိုက်ပျိုးထုတ်လုပ်နည်းသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၉**

ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေးထိခိုက်မှုကို ပြန်လည်ကုစားရန်၊ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်၊ မှိုစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အချိန်တိုအတွင်း ဝင်ငွေရရှိစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်ခြင်းမှ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးအတွက် မှိုစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ (၁၀)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်းတွင် စက်တင်ဘာ ၇ ရက်က မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း အမှတ်စဉ်(၃/၂၀၂၂) သင်တန်းဖွင့်ပွဲကို ကျင်းပရာ သင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်၊ ရှမ်း နှင့် ရခိုင် ပြည်နယ် စသည့် ဒေသကိုးခုမှ မှိုစိုက်ပျိုးရေးလုပ်ငန်း စိတ်ပါဝင်စားသူ တောင်သူ ၂၉ ဦး တို့ တက်ရောက်လေ့လာလျက်ရှိကြသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များမှ မှိုစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း စိတ်ဝင်စားသူများကို နည်းပညာများ ဖြန့်ဝေပေးနိုင်ရန်ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်ဖီ-ရာသီ သီးနှံဌာနခွဲ မှိုပညာရှင်သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်နှင့် တောင်တန်းဒေသအသီးသီးတွင် ပရိယတ်၊ ပဋိပတ်သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သာသနာ့တက္ကသိုလ်များသည် အစဉ်တိုးတက်နေမည်

ရန်ကုန် စက်တင်ဘာ ၉

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/၂၀၂၂) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။**

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် သာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တကောဝိဒ က အဖွင့်ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ၁၉၈၆ ခုနှစ်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အခြေတည်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဖွင့်လှစ်နိုင်သည်မှာ ၃၆ နှစ်တာကာလ တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဤတက္ကသိုလ်များမှ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပရိယတ်ဓမ္မကျမ်းများကို အထူးပြုသင်ကြားပို့ချပေးခြင်းအပြင် ရှေးရိုးသင်နည်း၊ ခေတ်လေ့လာသင်နည်းအားဖြင့် သင်ကြားနည်းစုံ လွှမ်းခြုံသင်ကြားပို့ချပေးခြင်းတို့ကြောင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဟူသော အမည်နာမနှင့် လျော်ညီကြောင်း၊ သာသနာ့တက္ကသိုလ်များမှ သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလဓမ္မပါရဂူဘွဲ့၊ ဂုဏ်ထူးဆောင်ဓမ္မပါရဂူဘွဲ့ စသည့်ဘွဲ့များကို အသီးသီးရရှိခဲ့ကြပြီး မိမိတို့သာသနာ့ဝန်ကို စွမ်းရာကဏ္ဍမှနေ၍ နယ်စပ်နှင့် တောင်တန်းဒေသအသီးသီးတွင် ပရိယတ်၊ ပဋိပတ်သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သာသနာ့တက္ကသိုလ်များသည် အစဉ်တိုးတက်နေမည်ဟု ယုံကြည်မိပါကြောင်း လျှောက်ထားသည်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

ထို့နောက် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က (၁/၂၀၂၂) အစည်းအဝေးမှတ်တမ်းကို အတည်ပြုချက်ရယူပြီး တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များကို တင်ပြလျှောက်ထားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆရာတော်များနှင့် ပညာရှင်လူပုဂ္ဂိုလ်များက သာသနာရေးဆိုင်ရာများကို ဆွေးနွေးကြကာ ဆုံးဖြတ်ချက်(၁၂)ရပ်ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိ ဆရာတော်က နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် အစည်းအဝေးကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" (၃)ကြိမ်ရွတ်ဆိုဆုတောင်း၍ အစည်းအဝေးကိုရုပ်သိမ်းပြီး အစည်းအဝေးသို့ တက်ရောက်လာသော ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့သည် စိန်ရတုနှစ်နှင့် တိုက်ဆိုင်နေသည့်အတွက် လွတ်လပ်ရေးနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အစီအစဉ်တစ်ခုအဖြစ် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ အနုပညာရှင်များ ပါဝင်တင်ဆက်သည့် ပဒေသာကပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစီအစဉ်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းရန်အတွက် တွေ့ဆုံခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာကြသည့် မြန်မာနိုင်ငံသဘင်အစည်းအရုံး ဗဟိုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်) ရုံးခွဲ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားတွေ့ဆုံကာ စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့် အစီအစဉ်တစ်ခုအဖြစ် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ အနုပညာရှင်များ ပါဝင်တင်ဆက်သည့် ပဒေသာကပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပြီး တွေ့ဆုံပွဲတက်ရောက်လာကြသော မြန်မာနိုင်ငံသဘင်အစည်းအရုံး ဗဟိုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်း ပဒေသာကပွဲ အောင်မြင်စွာ ပါဝင်တင်ဆက်နိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski နှင့်တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization For Migration-IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr.Dragan Aleksoski တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။** (ယာပုံ)




တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် IOM အဖွဲ့အကြား လုပ်ငန်းနယ်ပယ်များစွာတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းခဲ့သည့် အခြေအနေများ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာရေးထိုးရေး ညှိနှိုင်းနေမှု အခြေအနေများ၊ IOM အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ နေရပ်စွန့်ခွာရသူများကို လူသားချင်းစာနာမှု အကူအညီပေးလိုသည့်ကိစ္စများ ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ရခိုင်၊ ချင်း၊ ကယား၊ မကွေး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တို့တွင် နေရပ်စွန့်ခွာသူများအတွက် ထောက်ပံ့မှုနှင့် ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် အစိုးရ၏ စီစဉ်ဆောင်ရွက်နေမှု အခြေအနေများ၊ အိန္ဒိယနိုင်ငံနှင့် နားလည်မှု စာချွန်လွှာရေးထိုး၍ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး စီမံကိန်း ဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင်ရာ ဦးစီးဌာနများက ညွှန်ကြားရေးမှူးချုပ်များ ပါဝင်တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ဧက ၁၀၀ စံပြကွက် တစ်ဧက တင်း ၁၁၀ ခန့် ထွက်ရှိ



**ကျောင်းကုန်း စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သည် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းအုပ်စု ကောက်ကြီးကုန်း ကျေးရွာရှိ ဧက ၁၀၀ စံပြကွက်သို့ ယနေ့ ညနေပိုင်းက ရောက်ရှိကာ အောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ဧရာဝတီတိုင်း ဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်က အဆိုပါဧက ၁၀၀ စံပြကွက်တွင် တစ်ဧက တင်း ၁၁၀ ခန့် ထွက်ရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ပြီးခဲ့သည့် စက်တင်ဘာ ၂ ရက်က ဝန်ကြီးချုပ်ကိုယ်တိုင် ယူရီးယားဓာတ်မြေဩဇာအိတ် ၁၀၀ ကို တောင်သူများအား ပေးအပ်ပြီး တစ်ဧကတင်း ၁၀၀ ပန်းတိုင်အထွက်နှုန်းထားရှိရန် ဆွေးနွေးမှာကြားကြောင်းနှင့် စပါးပြီးပါက ပဲတီစိမ်းနှင့်နေကြာများ တိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့)အခမ်းအနားများကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် တော်သလင်းလပြည့်နေ့ အာရုံဆွမ်းတော်ကြီး လှူဒါန်းပွဲနှင့် ဂရုဓမ္မအခါတော်နေ့ အခမ်းအနားကို ယနေ့ နံနက် ၆နာရီတွင် စေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။**(ယာပုံ)



ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ရွှေတိဂုံစေတီတော် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခြင်း၊ "စိန်ရောင်ခြည်" ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ ကုသိုလ်တော်အတူပြုရန် နတ်ဗြဟ္မာများကို ဖိတ်ကြားခြင်း၊ "မြတ်ဘုရားရွှေတိဂုံ" ဂါထာတော်ဖြင့် စေတီတော်မြတ်ကြီးကို ရှိခိုးပူဇော်ခြင်း၊ ပရိသတ်အပေါင်းတို့က နဝင်္ဂသီလ ခံယူဆောက်တည်ခြင်း၊ ဘုရား၊ တရား၊ သံဃာဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်းနှင့် ဗုဒ္ဓ၊ ဓမ္မ၊ သံဃဝန္ဒနာ ရှိခိုးခြင်း၊ ဂရုဓမ္မအခါတော်နေ့ဆိုင်ရာ အမေးအဖြေများ ပြုလုပ်ခြင်း၊ ဂရုဓမ္မ ငါးပါးသီလအကျိုးအပြစ်လင်္ကာများ ရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်း၊ ကုသိုလ်တော်အတူပြုရန် ပင့်ဖိတ်ထားသော နတ်ဗြဟ္မာများကို ပြန်လည်ပို့ဆောင်ခြင်း၊ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခြင်းတို့ ပြုလုပ်ဆောင်ရွက်ကြသည်။

ယင်းနောက် ဝါတွင်းကာလ သီလခံယူပွဲကို ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တဇောဂရ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မြသိန်းတန်ကျောင်းတိုက်ဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများက ပါဝင်ကုသိုလ်ပြုကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တွင် ယနေ့နံနက်ပိုင်းမှ စတင်၍ စေတီတော်အာရုံခံတန်ဆောင်းပေါ်ထပ်တွင် ဂရုဓမ္မအခါတော်နေ့ အခမ်းအနားကို ကျင်းပရာဂေါပကအဖွဲ့ဝင်များ၊ ဝတ်အဖွဲ့များနှင့် ဧည့်ပရိသတ်များက စေတီတော်ဩဝါဒါစရိယအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လထံမှ ဂရုဓမ္မသီလဖြစ်သော ကိုးပါးသီလကို ခံယူဆောက်တည်ကြကာ၊ ဆရာတော်အား ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ဆရာတော်ဟောကြားတော်မူအပ်သော ဂရုဓမ္မတရားတော်နှင့် ရေစက်ချအနုမောဒနာတရားများကို နာကြားကာ ပြုပြုသမျှ ကုသိုလ်အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

မွန်းလွဲပိုင်းတွင် ဂရုဓမ္မအခါတော်နေ့ (ဒုတိယပိုင်း) အစီအစဉ်ကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အဖွဲ့ဝင်များသည် ဂရုဓမ္မအခါတော်နေ့ ဓမ္မပူဇာ မင်္ဂလာအစီအစဉ်ကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

မြတ်စွာဘုရားနှင့် အဂ္ဂသာဝကကြီး နှစ်ဆူဖြစ်တော်မူသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အရှင်မြတ်ကြီး နှစ်ပါးတို့အား ပင့်လျှောက်ကာ ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ကြပြီး ဂရုဓမ္မသီလဖြစ်သော ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက ဂရုဓမ္မအခါတော်နေ့ ကျင်းပရခြင်းအကြောင်း မင်္ဂလာထောပနာစကားပြောကြားကာ ဂရုဓမ္မဇာတ် ပါဠိတော်နှင့် မဟာဓမ္မပါလဇာတ် ပါဠိတော်တို့ကို စုပေါင်းရွတ်ဆိုကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ဂရုဓမ္မအခါတော်နေ့ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၉**




ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ သီရိမင်္ဂလာဘုံမြင့် စာသင်တိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ရန်အောင်မြင်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိဝိဝေကကျောင်းတိုက်**(အပေါ်ယာပုံ)**၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သမ္မိဒ္ဓေါဒယကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အရိယာမဂ္ဂင် ကျောင်းတိုက်၊ လှိုင်သာယာမြို့နယ်ရှိ အောင်ဇေယျာမင်း ကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ သုစိတ္တာလင်္ကာရစာသင် တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ဇောတိကာရာမကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ စည်သာကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ အရှေ့ခင်မကန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီးပရိယတ္တိ စာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဇေတဝန်မြို့ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။**သတင်းစဉ်**

## ရသေ့တောင်မြို့နယ် ဘုရားလှကျေးရွာကုန်ထုတ်လမ်းပိုင်း၌ လုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ရသေ့တောင် စက်တင်ဘာ ၉**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ရသေ့တောင်မြို့နယ် ကြက်ရိုးဆိပ်ကျေးရွာအုပ်စု ဘုရားလှကျေးရွာ၌ ကုန်ထုတ်လမ်းကွန်ကရစ်တံတားနှင့် ရေထုတ်ပြွန်တံတား နှစ်စင်းပြုလုပ်ခြင်းကို စက်တင်ဘာ ၅ ရက်က မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်မောင်ဦး (လက်ထောက်ညွှန်ကြားရေးမှူး နည်းပညာ)နှင့် ဌာနမှ ဝန်ထမ်းများ၊ ရွှေနှစ်ခိုင်ကုမ္ပဏီမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်မှုကို ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၁ ဒသမ ၃၆၆ သန်းဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ဘောလခဲမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး (၅) ကြောင်းက နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပ

**ဘောလခဲ စက်တင်ဘာ ၉**

ကယားပြည်နယ် ဘောလခဲမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး(၅)ကြောင်းမှ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဘောလခဲမြို့နယ် ရှမ်းပိုင်းရပ်ကွက်အတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဘော်လခဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်အောင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဇော်ဝင်းအောင်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်းနှင့် အဖွဲ့ဝင်များ၊ စစ်ကြောင်းကြီးများတွင်ပါဝင်သောမြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တွေ့ဆုံကြသည်။

ရှေးဦးစွာ အဖွဲ့(၁) နိုင်ငံရေးစစ်ကြောင်းအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးဇော်ဝင်းအောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်အား ရှင်းလင်းဆွေးနွေးခြင်း၊ အဖွဲ့ (၂) အုပ်ချုပ်ရေး စစ်ကြောင်း အဖွဲ့ခေါင်းဆောင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထွဋ်အောင်က နယ်မြေတည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များနှင့် ပတ်သက်၍ဆွေးနွေးခြင်း၊ အဖွဲ့(၃) လူမှုရေး စစ်ကြောင်း အဖွဲ့ခေါင်းဆောင် မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာထွန်းက အခြေခံပညာရေးကျောင်းများ ပညာသင်ကြားရေးအတွက် လိုအပ်ချက်များ ဖော်ဆောင်ရေးနှင့် အဖွဲ့ဝင်ဆေးရုံတာဝန်ခံ ဒေါက်တာခင်ဝင်းချစ်က ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကျန်းမာရေးလိုအပ်ချက်များအကြောင်း ဆွေးနွေးပြောကြားခြင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ထက်က မီးဘေးနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ပြောကြားခြင်း၊ အဖွဲ့ (၄) စည်းရုံးရေးစစ်ကြောင်း အဖွဲ့ခေါင်းဆောင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးစောငြိမ်းသောင်းက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ခြင်းဆိုင်ရာများ ဆွေးနွေးပြောကြားခြင်း၊ အဖွဲ့ (၅) ဒေသဖွံ့ဖြိုးရေး စစ်ကြောင်းအဖွဲ့ခေါင်းဆောင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမာအီးက စိုက်ပျိုးရေးအတွက် လိုအပ်ချက်များ (မျိုး၊ မြေဩဇာ) စိုက်ပျိုးရေးအတွက် အကူအညီပေးမှုများအား ရှင်းလင်းပြောကြားခြင်း၊ မြို့နယ်လယ်ယာစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးကိုကိုဦးက လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် မရရှိသေးသူများကို လယ်ယာမြေဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းပြီး တင်ပြချက်များအပေါ် သက်ဆိုင်ရာအဖွဲ့များက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူများအား တပ်မတော်ဆေးတပ်ဖွဲ့မှ တပ်မှူးနှင့် အရာရှိ စစ်သည်များက ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၆၅ | ၂၄၁၅ | ၂၄၀၅ | ၂၃၇၅ | ၂၄၁၀ | ၂၄၃၅ | ၂၄၂၀ | ၂၄၀၀ | ၂၄၉၀ | ၂၅၀၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၆၇၀ | ၃၁၆၀ |
| 95 Ron | ၂၄၇၀ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၅၁၅ | ၂၅၄၀ | ၂၅၂၅ | ၂၅၀၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၁၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၇၅ | ၃၂၂၅ |
| HSD (500 ppm) | ၂၉၉၀ | ၃၀၃၅ | ၃၀၃၀ | ၂၉၉၅ | ၃၀၃၅ | ၃၀၅၅ | ၃၀၅၀ | ၃၀၂၀ | ၃၁၃၅ | ၃၁၃၀ | ၃၀၂၅ | ၃၀၃၅ | ၃၀၇၀ | ၃၀၇၀ | ၃၀၇၀ | ၃၂၉၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၀၇၅ | ၃၁၂၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၂၀ | ၃၁၄၀ | ၃၁၃၅ | ၃၁၀၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၁၀ | ၃၁၂၀ | ၃၁၅၅ | ၃၁၅၅ | ၃၁၅၅ | ၃၃၇၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၅၇ | ၂၃၃၆ |
| 95 Ron | ၂၃၅၈ | ၂၄၃၉ |
| HSD (500 ppm) | ၂၈၆၃ | ၂၉၅၀ |
| HSD (50 ppm) | ၂၉၄၃ | ၃၀၃၁ |
| HSD (10 ppm) | ၂၉၄၃ | ၃၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် စက်တင်ဘာ ၉**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန် မှာကြားထားသည် ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိတ္ထီလာခရိုင်၌ မိုးစပါးစိုက်ဧက ၄၅၁၆၂ ဧက စိုက်ပျိုးပြီးစီး

**မိတ္ထီလာ စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်၌ မိုးစပါးစိုက်ဧက ၄၅၁၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်တွင် မိုးစပါးကို မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာမြို့နယ်၌ စိုက်ဧက ၁၀၈၄၆ ဧက၊ မလှိုင်မြို့နယ်၌ စိုက်ဧက ၅၁၆၂ ဧက၊ သာစည်မြို့နယ်၌ ၁၁၃၈၉ ဧကနှင့် ဝမ်းတွင်းမြို့နယ်၌ စိုက်ဧက ၅၄၃၁၂ ဧကတို့ကို စိုက်ပျိုးသွားရန် လျာထားပြီး ဒေသခံတောင်သူများက မိုးစပါးကို ဇွန်လမှစတင်၍ စိုက်ပျိုးလျက်ရှိရာ ဩဂုတ်လကုန်အထိ မိတ္ထီလာမြို့နယ်၌ စိုက်ဧက ၃၃၃၇ ဧက၊ မလှိုင်မြို့နယ်၌ စိုက်ဧက ၂၄၀၈ ဧက၊ သာစည်မြို့နယ်၌ ၇၅၁၄ ဧကနှင့် ဝမ်းတွင်းမြို့နယ်၌ စိုက်ဧက ၃၁၉၀၃ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

❖ *ကျောဖုံးမှ*

အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿတောင်ပိုင်းကမ်းခြေ) အနီးတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၃၆ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် တောင်ပိုင်းကမ်းလွန်နှင့် အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ) အနီးတို့တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

❍ *ကျောဖုံးမှ*

လမ်း၏ယာဘက်မြေသားပေါ်သို့ရောက်ရှိ ရပ်တန့်ခဲ့ပြီး ယာဉ်၏ ဦးခေါင်းပိုင်းပျက်စီးကာ ယာဉ်မောင်း မောင်နေလင်းဦး(ခ) အဘစ်တွင် လည်ပင်းမိုင်းစ ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ဝဲမျက်ခုံးကွဲ၊ ဦးခေါင်းနောက်စေ့ပေါက်ပြဲ ဒဏ်ရာများနှင့် မောင်ညီလင်းထွန်း(ခ) ဖူးဖူးတွင် နဖူးယာဘက် ဖူးရောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးကုသမှု ခံယူလျက်ရှိသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများ၏ကျန်းမာရေးအခက်အခဲများအား ကိုယ်ကျိုးမငဲ့ ကူညီဆောင်ရွက်နေသည့် ပရဟိတလူမှုကူညီရေးယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နေလင်းဦး(ခ) အဘစ် (ဒဏ်ရာရ)



ညီလင်းထွန်း(ခ) ဖူးဖူး (ဒဏ်ရာရ)

# ကမ္ဘာ့ခေါင်းဆောင်များက ဗြိတိန်ဘုရင်မကြီးကွယ်လွန်အနိစ္စရောက်ခဲ့သည့်အပေါ် ဝမ်းနည်းကြောင်းသဝဏ်လွှာများပေးပို့

## ဘုရင်မကြီး၏သားအကြီးဆုံး ဝေလမင်းသား ချားလ်စ် အင်္ဂလန်ဘုရင်ဖြစ်လာမည်

လန်ဒန် စက်တင်ဘာ ၉

**ဗြိတိန်၏ နန်းသက်အရှည်ဆုံး ဘုရင်မကြီး အယ်လီဇဘက်-၂ ကွယ်လွန်အနိစ္စ ရောက်ပြီးနောက် ကမ္ဘာ့နိုင်ငံခေါင်းဆောင်များက ဘုရင်မကြီး ကွယ်လွန်အနိစ္စရောက်ခဲ့သည့်အပေါ် ဝမ်းနည်းပူဆွေးကြောင်း သဝဏ်လွှာများ တဖွဲဖွဲပေးပို့လျက်ရှိသည်။ ဘုရင်မကြီး ကွယ်လွန်အနိစ္စရောက်ပြီးနောက် ၎င်း၏သားအကြီးဆုံးဖြစ်သည့် ဝေလမင်းသား ချားလ်စ်သည် ဗြိတိန်ထီးနန်းကို အမွေဆက်ခံမည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံ၏ ဘုရင်တစ်ပါးဖြစ်လာမည်ဖြစ်သည်။**



ဘတ်ကင်ဟမ်နန်းတော် လသာဆောင်၌ မင်းသား ချားလ်စ်နှင့် ဘုရင်မကြီး အယ်လီဇဘတ်-၂ တို့ကို တွေ့ရစဉ်။

ဘုရင်မကြီးသည် နန်းစံသက် နှစ် ၇၀ အရောက် သက်တော် ၉၆ နှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းဖြစ်သည်။

၎င်း၏မိသားစုအတွက် အကြီးဆုံးဝမ်းနည်းမှု အခိုက်အတန့်ဖြစ်ကြောင်း၊ သို့သော်လည်း ဘုရင်မကြီး ကျယ်ကျယ်ပြန့်ပြန့် လက်ကိုင်ကျင့်သုံးခဲ့သည့် လေးစားမှုနှင့် ချစ်ခြင်းမေတ္တာများက ၎င်းတို့ကို နှစ်သိမ့်ပေးလိမ့်မည်ဖြစ်ကြောင်း ချားလ်စ်မင်းသားက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် လစ်ဇ်ထရက်စ်က ဘုရင်မကြီးသည် ဂရိတ်ဗြိတိန်၏ အလွန်တရာ လေးစားဖွယ်ကောင်းသော စိတ်ဓာတ်ပိုင်ရှင်ဖြစ်ကြောင်း ဂုဏ်ပြုချီးကျူးခဲ့သည်။ ထို့ပြင် ဘုရင်မကြီးသည် ခေတ်မီဗြိတိန်နိုင်ငံကို တည်ဆောက်ခဲ့သည့် ကျောက်တုံးကြီးသဖွယ်ဖြစ်ပြီး ဘုရင်မကြီး၏ အုပ်စိုးမှုအောက်တွင် တိုင်းပြည်ကြီးပွား တိုးတက်ထွန်းကားခဲ့ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုက ဘုရင်မကြီး၏ တည်ငြိမ်သောအသရေတော်နှင့် သန္နိဋ္ဌာန်စိတ်ဓာတ်က ရှုပ်ထွေးလှသောကမ္ဘာကြီးအတွင်း နေထိုင်သူတိုင်းအတွက် နှစ်သိမ့်မှုနှင့် ခွန်အားကို ယူဆောင်လာကြောင်း ပြောကြားခဲ့သည်။ ကနေဒါနိုင်ငံသားများအတွက် ဘုရင်မကြီး၏ စွမ်းဆောင်ပေးခဲ့မှုသည် သမိုင်းတွင်အရေးကြီးသောအခန်းကဏ္ဍတစ်ခုအဖြစ် ဆက်လက်ကျန်ရှိနေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် သမ္မတကတော် ဂျေးဘိုင်ဒင်တို့ကလည်း ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ ဘုရင်မကြီး၏ ဈာပနကို သီတင်းပတ်နှစ်ပတ်အတွင်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၏ အထင်ကရ ဘုရားရှိခိုးကျောင်းဖြစ်သည့် ဝက်စ်မင်စတာ အက်ဗေးတွင် ကျင်းပမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးငယ်ပေါင်း ၁၄ ဒသမ ၅ သန်းကျော်ရှိ

**လော့အိန်ဂျလိစ် စက်တင်ဘာ ၉**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစကာ ကလေး ၁၄ ဒသမ ၅ သန်းကျော်သည် ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း အမေရိကန်ကလေးအထူးကုအဖွဲ့ (အေအေပီ) နှင့် ကလေးဆေးရုံမှ ထုတ်ပြန်သည့် နောက်ဆုံးစာရင်းအချက်အလက်များအရ သိရသည်။



အမေရိကန်နိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနေရာတစ်ခု၌ ကလေးငယ်တစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

အမေရိကန်နိုင်ငံ၌ လွန်ခဲ့သည့် ရက်သတ္တလေးပတ်အတွင်း ကလေး ၃၄၃၀၀၀ ကျော် ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ အကြမ်းအားဖြင့် ၆ ဒသမ ၆၅ သန်းရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၁ ရက် ကုန်ဆုံးသည့် ရက်သတ္တပတ်အတွက် ကလေး ၉၀၆၀၀ ခန့် ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း အစီရင်ခံခဲ့ပြီး အဆိုပါ ပမာဏမှာ လွန်ခဲ့သည့်နှစ်ပတ်ထက် ၁၄ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ပါကစ္စတန်နိုင်ငံ၌ ရေကြီးမှုကြောင့် ၂၄ နာရီအတွင်း သေဆုံးသူ ၃၆ ဦးရှိ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၉**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း မုတ်သုံရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၃၆ ဦးထက်မနည်း သေဆုံးကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) ကပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ သီးခြားရေကြီးမှုနှင့် ပတ်သက်သည့် မတော်တဆမှုများကြောင့် သေဆုံးသူ အမျိုးသမီးခြောက်ဦးနှင့် ကလေး ၁၅ ဦး ထက်မနည်းရှိကြောင်း စက်တင်ဘာ ၈ ရက်က အင်န်ဒီအမ်အေ၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံ၏တောင်ပိုင်း ဆင်းဒ်ပြည်နယ်သည် ရေကြီးမှုဖြစ်ပွားသည့် အဆိုးရွားဆုံးဒေသဖြစ်ပြီး ၃၅ ဦး သေဆုံးကာ အနောက်မြောက်ပိုင်း ကိုင်ဘာပခ်တွန်ခွာပြည်နယ်တွင် တစ်ဦးသေဆုံးခဲ့ကြောင်း၊ ထို့ပြင် ပါကစ္စတန်နိုင်ငံနေရာအနှံ့အပြားတွင် ရေကြီးမှုကြောင့် အိမ် ၂၆၆၅၂ လုံး ပျက်စီးခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၁၅၂၁ ကောင် သေဆုံးခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ၌ ဇွန်လလယ်မှ စတင်သည့် မုတ်သုံရာသီတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် သေဆုံးသူ စုစုပေါင်း ၁၃၉၁ ဦး ဝန်းကျင်ရှိကာ ဒဏ်ရာရရှိသူ ၁၂၇၂၂ ဦးအထိ မြင့်တက်လာကြောင်း အင်န်ဒီအမ်အေက ပြောကြားသည်။

ပါကစ္စတန် နိုင်ငံတစ်ဝန်းမိုးရာသီအတွင်း စုစုပေါင်း အိမ်ခြေ ၁၇၃၉၁၆၆ အိမ်ပျက်စီးခဲ့ရပြီး တိရစ္ဆာန်ကောင်ရေ ခန့်မှန်းခြေ ၇၅၄၇၀၈ ကောင် သေဆုံးခဲ့ကြောင်း သိရသည်။



ဆင်ဟွာ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မိုးကြိုးပစ်မှုဖြစ်ပွား ကိုးဦးသေဆုံး

**ဒါကာ စက်တင်ဘာ ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်၏ အနောက်မြောက်ပိုင်း ၁၃၄ ကီလိုမီတာအကွာ ဆာရာဂျန်ခရိုင်၌ စက်တင်ဘာ ၈ ရက်က ပြင်းထန်သောမိုးကြိုးပစ်မှုကြောင့် ကိုးဦးထက်မနည်း သေဆုံးကြောင်း နယ်မြေခံရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဆာရာဂျန်၏ ဥလာပါရာခရိုင်ခွဲတွင် မိုးကြိုးပစ်မှုဖြစ်ပေါ်ခဲ့ရာ မိသားစုဝင်ငါးဦးအပါအဝင် ကိုးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဆာရာဂျန်ခရိုင်၏ နောက်ထပ်ရဲအရာရှိ မက်နော်အလမ်ဆစ်ဒီခုက ဖုန်းဖြင့်ပြောကြားသည်။ သေဆုံးသွားသူများမှာ စပါးခင်းတစ်ခုအတွင်း အလုပ်လုပ်နေစဉ် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲခန့်တွင် မိုးကြိုးပစ်မှုဖြစ်ပေါ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မိုးကြိုးပစ်မှုဖြစ်ပွားခြင်းကြောင့် လူငါးဦးမှာ ပွဲချင်းပြီးသေဆုံးပြီး ခြောက်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ လေးဦးမှာ ဆေးရုံ၌ သေဆုံးသွားကြောင်း ၎င်းက ဆက်လက်ပြောသည်။ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မကြာသေးမီနှစ်များအတွင်း မိုးကြိုးပစ်မှုကြောင့် လူသေဆုံးမှု မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အိုင်အက်စ်အကြီးတန်းခေါင်းဆောင်တစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း တူကီယဲသမ္မတ အတည်ပြုပြောကြား

**အင်ကာရာ စက်တင်ဘာ ၉**

တူကီယဲလုံခြုံရေးတပ်ဖွဲ့များက အိုင်အက်စ်အကြီးတန်းခေါင်းဆောင်တစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း တူကီယဲသမ္မတ ရီဂျစ်တိုင်ယစ်အာဒိုအန်က စက်တင်ဘာ ၈ ရက်နှောင်းပိုင်းက ပြောကြားလိုက်သည်။

တူကီယဲရဲတပ်ဖွဲ့ဝင်များနှင့် စုံစမ်းထောက်လှမ်းရေးအဖွဲ့များက အိုင်အက်စ်အဖွဲ့အဖြစ် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသော အဘူဇက်နှင့် မာစတာဇက်ဟု နာမည်ကြီးနေသော ဘက်ရှာဟက်တက်ဘ် ဂါဇယ်အယ်လ်ဆူမိုင်ဒိုင်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြောခဲ့သည်။

နိုင်ငံတကာသတင်းဖော်ပြချက်များနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဖမ်းဆီးရမိခဲ့သော ခေါင်းဆောင်မှာ အိုင်အက်စ်အဖွဲ့၏ အကြီးတန်းခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း အတည်ပြုဖော်ပြခဲ့သည်။

ဆင်ဟွာ

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။

## လမ်းမတော်မြို့နယ်၌ ကိုဗစ် - ၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် ကာကွယ်ဆေးမထိုးနှံရသေးသူ ပြည်သူများအား ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးများကို စက်တင်ဘာ ၈ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။



မြို့နယ်အတွင်းမှ ကာကွယ်ဆေး လုံးဝမထိုးနှံရသေးသူ ၂၂ ဦးအား ပထမအကြိမ် ကာကွယ်ဆေးများ၊ တစ်ကြိမ်သာ ထိုးနှံပြီးသူ ၃၀ အား ဒုတိယအကြိမ် ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီး ပထမအကြိမ် ထပ်ဆောင်းကာကွယ်ဆေး(Booster Dose )ထိုးနှံသူ ၆၀၊ ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံသူ ၁၂ ဦးတို့ကိုလည်း ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း၊ လမ်းမတော်မြို့နယ်၌ ပြည်သူများ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများအတိုင်း တိကျစွာလိုက်နာနေထိုင်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံနိုင်ရေး အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် တာဝန်ရှိသူများ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## တောင်ဥက္ကလာပမြို့နယ် ငွေယမုံဈေးအတွင်း နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်

**တောင်ဥက္ကလာပ စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်း ကိုဗစ်-၁၉ရောဂါ စောင့်ကြပ်ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်မိုး၏ ကြီးကြပ်မှုဖြင့် ငွေယမုံဈေးအတွင်း စက်တင်ဘာ ၈ ရက်က ပြုလုပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့် ဌာနဆိုင်ရာများ၊ ဈေးကော်မတီဝင်များပါသော ပူးပေါင်းအဖွဲ့က ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဈေးရောင်းချသူများအနေဖြင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်၍ ဈေးရောင်းချရန် စသည်တို့ကို အသိပညာပေးပြောကြားလျက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ ၁၄၀၀၀၀ ကျော်ရှိ

**ပခုက္ကူ စက်တင်ဘာ ၉**

ပခုက္ကူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုတွင် စက်တင်ဘာ ၈ ရက်အထိ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်အဝထိုးနှံပြီးသူ ၁၄၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။



ပခုက္ကူမြို့နယ်၌ ယမန်နှစ် မတ်လမှစတင်ပြီး Covishied၊ Seno-vax၊ Verocell၊ Sinopharm ၊ Sinovac စသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးစားပေးအုပ်စုများအလိုက် ထိုးနှံပေးခဲ့ရာ ယခုနှစ် စက်တင်ဘာ ၈ ရက်အထိ ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၁၆၅၆၂၆ ဦး၊ နှစ်ကြိမ်အပြည့်အဝထိုးနှံပြီးသူ ၁၄၁၂၃၇ ဦးရှိသည်။

ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သည့် ပြည်သူဦးရေ ၂၃၀၀၀၀ ကျော်အနက် ကျန်ရှိနေသူများကို ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## နန်းယွန်းမြို့နယ်၌ ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေး

**နန်းယွန်း စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်၌ ကိုဗစ်- ၁၉ ကာကွယ်ဆေး(Sinopharm) စတုတ္ထအကြိမ် ထပ်ဆောင်းထိုးနှံခြင်းကို စက်တင်ဘာ ၉ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု အဆောင်၌ ဆောင်ရွက်ပေးသည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက စနစ်တကျထိုးနှံပေးခဲ့ရာ မြို့ပေါ်ရပ်ကွက်သုံးခုရှိ ပြည်သူ ၉၇၀ ကို ထိုးနှံပေးနိုင်ခဲ့ကြောင်း၊ မြို့နယ်အတွင်း ကာကွယ်ဆေးများ မထိုးနှံရသေးသော ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများကိုလည်း ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

**ယွန်း**
**(မုံရွာကိုယ်ပွား)**



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။

## မြို့နယ်များ၌ အိုမီခရွန်ကူးစက်မှုကာကွယ်ထိန်းချုပ်နိုင်ရန် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်

### မော်လမြိုင်ကျွန်း

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက မြို့တွင်းလမ်းတစ်လျှောက် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းတပ်ဆင်လှုပ်ရှားမှုကို စက်တင်ဘာ ၉ ရက်တွင် ပြုလုပ်သည်။

မြို့တွင်း လူစည်ကားရာနေရာများဖြစ်သော မဟာဗန္ဓုလလမ်းမကြီး ဆိပ်ကမ်းသာဈေးနှင့် အမှတ်(၅) လမ်းဆုံတို့၌ အသိပညာပေးမှုများ ဆောင်ရွက်၍ ပြည်သူများအား နှာခေါင်းစည်း ၂၀၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အောင်အောင်(ပြန်/ဆက်)**



### ဖျာပုံ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ဈေးအတွင်း လက်ဆေးဘေစင်ထားရှိခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို စက်တင်ဘာ ၉ ရက်က ဖျာပုံမြို့မြောက်ပိုင်းဈေး၌ ဆောင်ရွက်သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်း၍ ဈေးအတွင်း လက်ဆေးဘေစင်ထားရှိပေးပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြခြင်းဖြစ်သည်။ **အောင်ဝင်းနိုင်(ပြန်/ဆက်)**



### မရမ်းကုန်း

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်း တပ်ဆင်ရန် အသိပညာပေးသည့် လှုပ်ရှားမှုကို စက်တင်ဘာ ၉ ရက်က အမှတ်(၁)ရပ်ကွက် မြဂန္ဓာမာဈေး၌ ပြုလုပ်ကာ နှာခေါင်းစည်း တပ်ရန် အသိပညာပေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းနှင့် ဈေးအတွင်း ဆိုင်ခန်းနေရာများနှင့် လမ်းများ၌ ပိုးသတ်ဆေးဖျန်းခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အေးအေးအောင်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၁ ဦး အနက် ၁၇၅ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၉၄ ရာခိုင်နှုန်းရှိ

**(၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၉၄) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉၁) ဦးအနက် (၁၆) ဦး၊ (၈.၄) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၁၇၅) ဦး၊ (၉၁.၆) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**

**(၉–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၆) ဦး | (၈.၄) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၁၇၅) ဦး | (၉၁.၆) % |
| **စုစုပေါင်း** | **(၁၉၁) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၂၄,၀၈၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၆,၄၀၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၁၂၈) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၂) ဦးရှိပါသည်။

ကိုဗစ်–၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်–၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် –

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာ အစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်–၁၉ ရောဂါ သံသယလက္ခဏာတစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူအားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ခြောက်လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## သီပေါမြို့၌ လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းများဖြန့်ဝေပြီး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**သီပေါ စက်တင်ဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံကွပ်ကဲမှုဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက



လူစည်ကားရာနေရာများဖြစ်သော မြို့မဈေးကြီး၊ ဝက်ဝံပုံကျဈေးနှင့် မန္တလေး၊ လားရှိုး၊ မူဆယ်ပြည်ထောင်စုလမ်းမကြီး မိုင်မွန်လမ်း၊ လမ်းမတော်လမ်း၊ မြို့မအားကစားကွင်းရှေ့တို့၌ လမ်းသွားလမ်းလာများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးသည်။

နှာခေါင်းစည်းများဖြန့်ဝေရာတွင် ခေတ္တနယ်မြေခံတပ်နယ်မှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက နှာခေါင်းစည်း ၅၀၀၀ ကျော်ခန့် ဖြန့်ဝေပေးပြီး ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း မပျက်မကွက်လိုက်နာဆောင်ရွက်ရေးတို့ကို ပြည်သူများသိရှိနိုင်ရန် အသံချဲ့စက်ဖြင့် လိုက်လံလှည့်လည် ပညာပေးနှိုးဆော်လျက်ရှိသည်။

**စိုင်း(သီပေါ)**

## မဘိမ်းမြို့၌ နိုင်ငံ့ဝန်ထမ်းများအား စတုတ္ထအကြိမ် ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**မဘိမ်း စက်တင်ဘာ ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး သုံးကြိမ်ထိုးနှံထားပြီးဖြစ်သော နိုင်ငံ့ဝန်ထမ်းများအား စတုတ္ထအကြိမ် ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး (Sinovax) ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေး ထိုးနှံ ဆောင်ရွက်ပေးရာတွင် မြို့နယ်အတွင်းရှိ ကာကွယ်ဆေးသုံးကြိမ် ထိုးနှံထားပြီးဖြစ်သော နိုင်ငံ့ဝန်ထမ်း ၂၆၉ ဦးတို့အား စတုတ္ထအကြိမ် ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများက ထပ်မံထိုးနှံပေးလျက်ရှိပြီး စတုတ္ထအကြိမ် ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရန်ကျန်ရှိသော နိုင်ငံ့ဝန်ထမ်းများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စတုတ္ထအကြိမ် ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရာသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးမင်း (ပြန်/ဆက်)**



# ပြည်ပမှ ဝင်ရောက်လာသူများကို ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးပေးလျက်ရှိခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပျက် သိုလှောင်ထိန်းသိမ်းကာ စနစ်တကျ ဖြန့်ဖြူးထိုးနှံပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ပမှ ဝင်ရောက်လာသူများထံမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါပိုးများ ဝင်ရောက်လာမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ပြည်ပမှ ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT ဖြင့် စနစ်တကျ အဆင်ပြေချောမွေ့စွာ ဆက်လက်စစ်ဆေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်၍ ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပွင့်လင်းရာသီတွင် ပြည်ပနိုင်ငံများမှ ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းသို့ ဝင်ရောက်လာသူများ ပိုမိုများပြားစွာ ဝင်ရောက်လာသည့်အခါတွင် အဆိုပါခရီးသွားများအနေဖြင့် စောင့်ဆိုင်းချိန် ကြာမြင့်မှုမရှိစေဘဲ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT ဖြင့် စစ်ဆေးမှုကို အဆင်ပြေချောမွေ့စွာ ခံယူနိုင်ရေးနှင့် စစ်ဆေးမှုအဖြေများကို အချိန်နှင့်တစ်ပြေးညီ ရယူနိုင်ရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် RDT ခာတ်ခွဲစစ်ဆေးမှု ကောင်တာများကို တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မင်္ဂလာဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကာကွယ်ဆေးထိုးစုရပ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ၊ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများနှင့် ကိုဗစ်-၁၉ ရောဂါ အပိုထပ်ဆောင်းကာကွယ်ဆေးများကို သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း စနစ်တကျ ထိုးနှံပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသည့် ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပျက် စနစ်တကျသိုလှောင်ထိန်းသိမ်း၍ ဖြန့်ဖြူးပေးနိုင်ရေးနှင့်ပတ်သက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ဗဟိုကာကွယ်ဆေး သိုလှောင်ခန်း (Central Cold Room-CCR) သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပျက် ထားရှိနိုင်ရေးအတွက် အအေးလမ်းကြောင်းထိန်း ပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာများနှင့် အအေးလမ်းကြောင်းထိန်း၍ ကာကွယ်ဆေးသိုလှောင်ထားရှိရာ အခန်းများ၌ သတ်မှတ်ထားသော လမ်းညွှန်ချက်များ၊ စံလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားရှိမှု၊ ကာကွယ်ဆေးများ သိုလှောင်ထားရှိရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ညီညွတ်စွာ ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ အရန်လျှပ်စစ်ဓာတ်အားပေးစက် (Backup Generator) ထားရှိလည်ပတ်နိုင်မှု၊ လုံခြုံရေးအရ အစီအမံများ ဆောင်ရွက်ထားသည့် အခြေအနေ၊ ထပ်မံရောက်ရှိလာမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပျက် စနစ်တကျ သိုလှောင်ထားရှိရေးအတွက် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် အခြေအနေ၊ အအေးလမ်းကြောင်းမပျက်သိုလှောင်ထားသည့် ကာကွယ်ဆေးများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးသို့ သတ်မှတ်ထားသည့် အအေးလမ်းကြောင်း စံချိန်စံညွှန်းများနှင့်အညီ ဖြန့်ဖြူးဆောင်ရွက်ပေးနေသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၃၆၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၅၃၅၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ဒေသခံပြည်သူ ၁၄၈၂ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၈၈၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၂၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၄၄၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ကျောင်းသား ကျောင်းသူ ၁၅၆၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မင်းလှမြို့၌ ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်မျိုးရိုး ဗီဇပြောင်းရောဂါပိုး ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုဆောင်ရွက်

**မင်းလှ စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် တစ်ကျော့ပြန်လည်ဖြစ်ပွားလာသည့် ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး ကြိုတင်ကာကွယ်ရေးနိုင်ရန်အတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းလှုပ်ရှားမှုကို မြို့မဈေးကြီးရှေ့၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားဆောင်ရွက်မှုအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မြို့မဈေးကြီးရှေ့၌ ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများ၊ လမ်းသွားလာပြည်သူများအား ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိမှုများနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန်၊ လက်ကိုစင်ကြယ်စွာ ဆေးကြောရန်၊ နှာခေါင်းစည်းများတပ်ဆင်ရန်တို့ကို အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းများဝေငှ၍ တပ်ဆင်စေခြင်း**(အောက်ပုံ)** နှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**



# ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများ အခမဲ့ပေးဝေလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၉**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အခြေခံအကျဆုံးမှာ နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုခြင်းဖြစ်ရာ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်၊ ကွမ်းလုံ၊ သိန္နီ၊ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ ဟိုပန်၊ မိုးမိတ်၊ မဘိမ်း၊ လောက်ကိုင်၊ ကုန်းကြမ်း၊ နမ့်ဆန်၊ မန်တုံ၊ နမ္မတူ၊ မူဆယ်၊ နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ မြောင်းမြမြို့၊ မအူပင်မြို့နှင့် မော်လမြိုင်ကျွန်းမြို့များရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် ပေးဝေ လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

ဒူဘိုင်းသို့ ရောက်ရှိသည့်အခါ "အီရန်၊ အီရတ်၊ ကာတာ၊ ဘာရိန်း၊ ကူဝိတ်၊ ဆော်ဒီ၊ ယီမင်၊ ဂျော်ဒန် နှင့် အိုမန်" နိုင်ငံများသို့ အတင်းအကျပ် စေလွှတ်ရောင်းစားမှုများ ပြုလုပ်နေကြောင်း သိရှိရသည့်အတွက် ဩဂုတ်လဆန်းမှ စတင်ကာ လေ့လာစုံစမ်းမှုများ ပြုလုပ်ခဲ့သည်။

**တစ်လကျော်ပိတ်လှောင်ထား**

ဩဂုတ် ၂၅ ရက်တွင် မြန်မာအမျိုးသမီး အဖွဲ့တစ်ဖွဲ့က Facebook လူမှုကွန်ရက်စာမျက်နှာတွင် Live လွှင့်၍ "၎င်းတို့ခုနစ်ဦး ဒူဘိုင်းတွင် ဒုက္ခရောက်နေကြောင်း၊ မမေဖုန်း (ခ) မထက်ထက် (ခ) မကေသီမြင့်က ဒူဘိုင်းတွင် အိမ်အကူ အလုပ်ရမည်၊ လစာကောင်းမည်ပြော၍ ခေါ်ယူခဲ့ရာ သုံးလကျော်ကြာသည်အထိ အလုပ်မရသေးကြောင်း၊ ဒူဘိုင်းမြို့ အမည်မသိနေရာရှိ အခန်းကျဉ်းတစ်ခုတွင် ၎င်းတို့ခုနစ်ဦးကို တစ်လကျော် ပိတ်လှောင်ထားကြောင်း၊ ဒူဘိုင်းရောက်ရှိသည်မှစ၍ ၎င်းတို့၏ ပတ်စပို့အားလုံးကိုလည်း မကေသီမြင့်က သိမ်းယူထားကြောင်း၊ ပိတ်လှောင်ထားစဉ် တစ်ရက် ထမင်းတစ်နပ်သာ ပဲဟင်းရည်ကျဲဖြင့်ကျွေးကြောင်း၊ ယခုအခါ ၎င်းတို့အား အီရတ်နိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ အီရတ်တွင် အလုပ်လုပ်ရမည်ဟုပြောကြောင်း၊ အီရတ်မသွားလိုပါက မြန်မာငွေကျပ်သိန်းတစ်ရာပေးရမည်ဟု ခြိမ်းခြောက်တောင်းဆိုကြောင်း၊ ၎င်းတို့ ခုနစ်ဦးသည် ပိတ်လှောင်ထားသည့် အခန်းကျဉ်းကိုဖျက်၍ ထွက်ပြေးလာပြီး ယခုအခါ မြန်မာနိုင်ငံသားတစ်ဦး၏ အကူအညီဖြင့် လမ်းဘေး အခန်းကျဉ်းတစ်ခုကို ၁၀ ရက်စာ အခပေး၍ငှားနေရကြောင်း၊ ၎င်းတို့တွင် စားစရာမရှိ၊ သွားစရာမရှိ မကေသီမြင့်က ထပ်မံ၍ ဒုက္ခပေးမည်ကိုလည်း ကြောက်ရွံ့၍ ပုန်းအောင်းနေရကြောင်း၊ ယခု Live ကို တွေ့ရှိသူများအနေဖြင့် ကူညီပေးကြပါရန်" ဟု ငိုကြွေး၍ အကူအညီ တောင်းခံမှုကို တွေ့ရှိခဲ့ရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် အဆိုပါ Live လွှင့်တင်ထားမှုကို တွေ့ရှိသည့် ဩဂုတ် ၂၅ ရက် ည ၆ နာရီမှ စတင်ကာ Facebook Live ၏ အရင်းအမြစ်ကို ရှာဖွေခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့် အင်တာနက်မှ ရှာဖွေစိစစ်ဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၆ ရက် ည ၇ နာရီ ၂၅ မိနစ်တွင် ဒူဘိုင်းတွင် ဒုက္ခရောက်နေသော မြန်မာအမျိုးသမီး ခုနစ်ဦးနှင့် Messenger မှ ဆက်သွယ်မှု စတင်ရရှိခဲ့သည်။ ၎င်းတို့ ခုနစ်ဦး ဒူဘိုင်းတွင် ခိုအောင်းနေသည့် နေရာကို မေးမြန်းရာတွင်လည်း မသိရှိသဖြင့် Google Map ဖြင့် ရှာဖွေစိစစ်နိုင်ရေးတယ်လီဖုန်းမှ ပြုလုပ်နည်းပြောပြ၍ ဆောင်ရွက်စေခဲ့ရာ ယင်းနေ့ ည ၈ နာရီတွင် ၎င်းတို့ခုနစ်ဦး ခိုအောင်းသည့်နေရာကို သိရှိခဲ့ရသည်။

**တရားမဝင်အလုပ်အကိုင်ရှာပေး**

၎င်းတို့ ခုနစ်ဦး၏ ဖြစ်စဉ်အသေးစိတ်ကို အွန်လိုင်းမှ တစ်ဆင့် မေးမြန်းစိစစ်ရာ တရားခံ ကေသီမြင့်သည် မြန်မာနိုင်ငံသား အမျိုးသမီးများကို ပြည်ပနိုင်ငံများသို့ စည်းရုံးခေါ်ယူ၍ တရားမဝင် အလုပ်အကိုင် ရှာပေးခြင်း၊ တတိယနိုင်ငံများသို့ ထပ်မံပို့ဆောင် ရောင်းစားခြင်း၊ ၎င်းစီစဉ်မှုကို လက်မခံလျှင် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ လျော်ကြေးငွေ တောင်းခံခြင်း၊ အလုပ်ရလျှင်လည်း သုံးလစာ၊ ခြောက်လစာ ဖြတ်ယူခြင်းများ ပြုလုပ်လျက်ရှိကြောင်း စုံစမ်းရရှိသဖြင့် ၎င်းကျူးလွန်သော ပြစ်မှုများအတွက် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့မရဲစခန်းတွင် အမှုဖွင့်ကာ အသေးစိတ် စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းတွင် အာရပ်စော်ဘွားများ ပြည်ထောင်စုရှိ ဒူဘိုင်းရဲဌာနချုပ်နှင့် အမျိုးသမီး ခုနစ်ဦး ခိုအောင်းနေသည့် နယ်မြေရှိ ဒူဘိုင်းမြို့ Naif ရဲစခန်းသို့ အကြောင်းကြားခြင်း၊ အင်တာပိုလ်ရဲအဖွဲ့သို့ သတင်းဖလှယ်ဆက်သွယ်ခြင်းများကို တစ်ဆက်တည်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းဖလှယ် အကူအညီတောင်းခံမှုအရ မြန်မာနိုင်ငံသား လူကုန်ကူးခံရသူ အမျိုးသမီးခုနစ်ဦးအား ဩဂုတ် ၂၆ ရက်တွင် ဒူဘိုင်းရဲအဖွဲ့၏ စီစဉ်ပေးမှုဖြင့် လုံခြုံစိတ်ချရသည့် ဒူဘိုင်း အမျိုးသမီးစောင့်ရှောက်ရေးဂေဟာသို့ ပို့ဆောင်စောင့်ရှောက်ထားရှိနိုင်ခဲ့သည်။

**ဖမ်းဆီးနိုင်ခဲ့**

သတင်းကွင်းဆက်များ ဆက်လက်ဖော်ထုတ်မှုအရ မြန်မာအမျိုးသမီးများကို စည်းရုံးခေါ်ယူ၍ ဒူဘိုင်းရှိ ကေသီမြင့်ထံသို့ ပို့ဆောင်ပေးနေသော မြန်မာနိုင်ငံမှ မီးမီး (ခ) နော်သောစေး အား ဩဂုတ်၂၆ရက်တွင်လည်းကောင်း၊ မဆွေဆွေမြင့် (ခ) အသေးလေး အား ဩဂုတ် ၂၉ ရက်တွင် လည်းကောင်း တာမွေမြို့မရဲစခန်းမှ ဖမ်းဆီးနိုင်ခဲ့သည်။

ရရှိသည့် သတင်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဒူဘိုင်းရဲဌာနချုပ်နှင့် အင်တာပိုလ် NCB (အဘူဒါဘီ) သို့ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပေးပြီး ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ခဲ့ရာ သတင်းရရှိသည်မှ ၂၄ နာရီ အတွင်းဖြစ်သည့် ဩဂုတ် ၃၀ ရက်၌ တရားခံကေသီမြင့်အား ဒူဘိုင်းရဲအဖွဲ့က ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ကေသီမြင့်သည် လူကုန်ကူးမှုကျူးလွန်သည့် တရားခံပြေးဖြစ်ကြောင်း ဩဂုတ် ၃၁ ရက်တွင် အင်တာပိုလ်က Red Notice ထုတ်ပြန်နိုင်ခဲ့သည်။

**နိုင်ငံတော်မှစရိတ်ကျခံခေါ်ယူ**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် အင်တာပိုလ်ရဲအဖွဲ့၊ ဒူဘိုင်းရဲအဖွဲ့ ဌာနချုပ် အင်တာပိုလ် (အဘူဒါဘီ) တို့နှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း၊ ဆော်ဒီအာရေဗျနိုင်ငံ ရိယာဒ်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးမှ ကိုယ်စားလှယ်၏ ကူညီပေးမှုဖြင့်လည်းကောင်း လူကုန်ကူးသူ တရားခံကေသီမြင့်နှင့် လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီးငယ် ခုနစ်ဦးတို့အား နိုင်ငံတော်မှ စရိတ်ကျခံမှုဖြင့် ခေါ်ယူခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် မြန်မာ အမျိုးသား လေကြောင်းလိုင်း UB-9502 ဖြင့် ဒူဘိုင်းမှ ဒေသစံတော်ချိန် ည ၉ နာရီတွင် ထွက်ခွာခဲ့ရာ မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယနေ့နံနက် ၄ နာရီခွဲတွင် ပြန်လည်ရောက်ရှိခဲ့ပြီး ၎င်းတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။


တရားခံ ကေသီမြင့်သည် ၂၀၂၁ ခုနှစ် ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံသား အမျိုးသမီးများစွာကို ဒူဘိုင်းသို့ခေါ်ယူ၍ တရားမဝင်အလုပ်အကိုင် ရှာဖွေပေးမှုများ ဆောင်ရွက်ခြင်း၊ တတိယနိုင်ငံများသို့ ခြိမ်းခြောက်စေလွှတ်ရောင်းစားခြင်း၊ လျော်ကြေးငွေနှင့် လုပ်ခလစာများ ခေါင်းပုံဖြတ်ရယူခြင်းတို့ဖြင့် လူကုန်ကူးပြစ်မှုကျူးလွန်နေသူဖြစ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းနှင့် ဆက်စပ်ပူးပေါင်းကာ လူကုန်ကူးမှု ကျူးလွန်သူများ၊ အားပေးကူညီသူများ၊ တရားမဝင်အလုပ်အကိုင် ရှာဖွေဆောင်ရွက်ပေးနေသည့်အဖွဲ့များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆက်လက်စုံစမ်း ဖော်ထုတ်လျက်ရှိသည်။

**စနစ်တကျအပ်နှံပေးမည်**

ယခုအခါ ဒူဘိုင်းတွင် လူကုန်ကူးခံရ၍ ဒုက္ခရောက်နေသည့် မြန်မာနိုင်ငံသူ အမျိုးသမီး ခုနစ်ဦးအား ကယ်တင်၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီး ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကာ ၎င်းတို့ ခုနစ်ဦးအား အမှုနှင့်ပတ်သက်သည့် လိုအပ်သည့် မေးမြန်းမှုများဆောင်ရွက်ပြီးပါက မိဘဆွေမျိုးများထံ စနစ်တကျ အပ်နှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာရပ်စော်ဘွားများပြည်ထောင်စု၊ ဒူဘိုင်းမြို့တွင်အခြေပြု၍ မြန်မာနိုင်ငံသား အမျိုးသမီးများအား လူကုန်ကူးနေသူများ ဖော်ထုတ်ချက်






လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီးငယ် ခုနစ်ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

---

## ဖားကန့်မြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၉

ဖားကန့်မြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိပ်မူကျေးရွာ ဆိပ်မူ-ဖားကန့်သွားကားလမ်းတွင် ထွန်းအောင်သိန်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ ကိုလည်းကောင်း၊ အလားတူ စက်တင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု ပင်လုံကျေးရွာအနီးတွင် ခင်မောင်ဝင်း(ခ)ဖိုးငယ် မောင်းနှင်ပြီး အောင်ဇော်ဦးနှင့် မခင်ဝေဦး(ခ)မဝေ တို့လိုက်ပါလာသည့် HONDA ODYSSEY အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၇၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

**ဘားအံ စက်တင်ဘာ ၉**

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုဖြစ်သော တော်သလင်းလ လှေသဘင်ပွဲတော်ကို ပြန်လည်ဖော်ဆောင်သောအားဖြင့် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်က ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ကန်သာယာရေပြင်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရွက်ပုန်းသီးလှေလှော်အားကစားသမားများ ပေါ်ထွက်လာစေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြည်နယ်အတွင်း ရိုးရာလှေလှော်ပြိုင်ပွဲများကို နေရာဒေသအလိုက် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှ ကရင်ပြည်နယ်ကိုယ်စားပြုပေးနိုင်မည့်လှေလှော်အားကစားသမားများကို ရွေးချယ်၍ ကရင်ပြည်နယ် ရိုးရာလှေလှော်အသင်းအနေဖြင့် ဖွဲ့စည်းပေးမည်ဖြစ်ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်ကြသော ပြိုင်ပွဲဝင်အသင်းများအနေဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိတို့ ကိုယ်စားပြုအသင်းများ အနိုင်ရရှိအောင် အားကြိုးမာန်တက် ကြိုးစားယှဉ်ပြိုင်ကစားကြရန် တိုက်တွန်းပြောကြားပြီး ရိုးရာလှေလှော်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။



ပြည်နယ်ဝန်ကြီးချုပ်က အားကစားသမားများအား တွေ့ဆုံနှုတ်ဆက်စဉ်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လှေလှော်အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ပြိုင်ပွဲကို စတင်ကျင်းပရာ အားကစားသမားများက ဝါးပိုးလှေဖြင့် သရုပ်ပြလှော်ခတ်ကြပြီးနောက် အမျိုးသား အမျိုးသမီး ငါးတက်လှော်ပြိုင်ပွဲ၊ သုံးတက်လှော်ပြိုင်ပွဲနှင့် တစ်ဦးချင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

အဆိုပါ လှေလှော်ပြိုင်ပွဲတွင် အမျိုးသားအသင်း ၂၇ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း လှေလှော်အားကစားသမား ၂၉၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အမျိုးသား အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ သုံးတက်လှော်ပြိုင်ပွဲနှင့် ငါးတက်လှော်ပြိုင်ပွဲဟု ပြိုင်ပွဲအမျိုးအစား သုံးမျိုးခွဲ၍ ရှုံးထွက်စနစ်ဖြင့် စက်တင်ဘာ ၁၀ ရက်အထိ သုံးရက်ကြာ ယှဉ်ပြိုင်မည်ဖြစ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လှိုင်ကော်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး (၅) ကြောင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လှိုင်ကော် စက်တင်ဘာ ၉**

ကယားပြည်နယ် လှိုင်ကော်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများပါဝင်သော နိုင်ငံရေးစစ်ကြောင်း၊ လူမှုရေးစစ်ကြောင်း၊ စည်းရုံးရေးစစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးစစ်ကြောင်း ငါး ကြောင်းဖြင့် နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရပ်ကွက်/ကျေးရွာပြည်သူများအား တွေ့ဆုံ၍ ကွင်းဆင်း ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဒေါ်တမရပ်ကွက်နှင့် နမ့်ဘော်ဝမ်(ရှမ်း) ရပ်ကွက်တို့၌ ပြုလုပ်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လှိုင်ကော်မြို့ ဒေါ်တမရပ်ကွက်ရှိ တပ်ဦးဘုန်းကြီးကျောင်း၌ ပြုလုပ်ပြီး ဦးစွာ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဇော်မိုးထွန်းက ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ဖွံ့ဖြိုးတိုးတက်မှုများ အတွက် ဌာနဆိုင်ရာများ စုပေါင်း၍ ပြည်သူ့အကျိုးပြု လုပ်ငန်း ဆောင်ရွက်ရန် ကွင်းဆင်းလာရောက်ခြင်း ဖြစ်ကြောင်း၊ ပြည်သူလူထုများကလည်း မိမိတို့၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးပေးကြစေလိုကြောင်းနှင့် သက်ဆိုင်ရာဌာနများမှ လိုအပ်ချက်အလိုက် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်က နိုင်ငံရေး ဖြစ်စဉ်အဆင့်ဆင့် ပြောင်းလဲလာမှုအခြေအနေများကိုလည်းကောင်း၊ စစ်ကြောင်းကြီး ငါး ကြောင်းတွင် ပါဝင်သော ဌာနဆိုင်ရာအသီးသီးမှ ပြည်သူလူထုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တပ်မတော်စစ်ဆေးရုံမှ အရာရှိနှင့်စစ်သည်များက ပြည်သူများအား အထွေထွေ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာဌာနများမှ ကိုဗစ်ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံပေးခြင်း(ဝဲပုံ)၊ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ဆောင်ရွက်ခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အသက် (၈၅) နှစ်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ပေးအပ်ခြင်း၊ ပရဟိတ ကျောင်းအတွက် ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့် နယ်မြေခံတပ်ရင်း မူကြိုကျောင်းကို သင်ထောက်ကူပစ္စည်းများပေးအပ်ခြင်းကို ဆောင်ရွက်ပြီး ကွင်းဆင်းဆောင်ရွက်ခြင်းသို့ ပြည်သူ ၂၅၀ ခန့် တက်ရောက်ကြသည်။

ဆက်လက်၍ မွန်းတည့် ၁၂ နာရီတွင် နမ့်ဘော့ဝမ်(ရှမ်း) ရပ်ကွက်ရှိ ပြည်သူများနှင့်တွေ့ဆုံ၍ ကွင်းဆင်း ဆက်လက် ဆောင်ရွက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်နေသူများဖြစ်သည့် နိုင်မင်းထက် (ခ) စနေ၊ အောင်စိုးမိုး (ခ) ခေါ်ကြီး၊ ဝေယံအောင် (ခ) မြွေပွေး၊ သန်းမင်းထက် (ခ) မောင်သန်း၊ ခန့်မင်းထက်နိုင် (ခ) ခန့်မင်းတို့ ငါးဦးသည် ၎င်းတို့အသုံးပြုသည့် “Naing Min Htet” Facebook အကောင့်၊ “Aung Soe Moe” Facebook အကောင့်၊ “Wai Yan Aung” Facebook အကောင့်၊ “Than Min Htet” Facebook အကောင့်၊ “Khant Min” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၉**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၉-၂၀၂၂ စနေနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ မောရ္ဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၄၅ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၁၅ | ရှုလေမြင်လေ ကမ္ဘာမြေ |
| ၀၈:၃၀ | ဒီမိုကရေစီဆိုသည်မှာ | ၁၇:၃၀ | ပြည်သူ့အကျိုးပြုစေတနာ့ဝန်ထမ်း |
| ၀၉:၁၀ | လယ်ယာကဏ္ဍနှင့်တောင်သူတို့၏လူမှုစီးပွား ဘဝမြှင့်တင်ဖို့ပူးပေါင်းပါဝင်ဆည်မြောင်း စနစ်တွင်အတူလက်တွဲပါဝင်စို့(အပိုင်း-၂) | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၈:၃၅ | သုတစဝေဖြာ သီရိဂေဟာ |
| ၁၁:၅၀ | တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ | ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၆) |
| ၁၃:၃၀ | MRTV National News | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၁၄:၂၅ | Weekly MNL Review | ၂၁:၀၀ | (၃၀)ဖြာမဏ္ဍလာ (ဦးနန္ဒဝင်း ရေးသားပူဇော်တင်ဆက်သည်) 'အသောက' နှင့် 'အနဝတ္တနိကဗ္ဗာနိ' |
| ၁၆:၁၅ | ပုံပြင်ကမ္ဘာအစီအစဉ် 'ငှက်စားပွဲလေး' | ၂၂:၀၀ | ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း |

**mitv**

07:01 Evergreen Classic: ShwinLan Chan Myae Par Zay (Thae Nu Wah)
07:07 Weekly Review
07:23 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
07:48 Myanmar Family Life: The Gardener
08:01 News
08:26 The Longest Living Siblings (Part-2)
08:49 Listening Pleasure, Instrumental Music (Piano) Can't help falling in love with you
08:53 Quiz Time
10:34 Family of Toys
10:54 Dances of Myanmar: Kayah Traditional Flag Post Festival
11:02 Myanmar Cultural Heritage FromKyarPaing Village

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သူတို့ယုံကြည်ရာ

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ရှားပါးလာသော ရိုးရာတောင်းရက်လုပ်ခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၇)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
လခြမ်းမြေမှ ရိုးရာအလှ(အပိုင်း-၁)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၆)

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
အသီးအရွက်စားကြရအောင်

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
လချိဒ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၈)

**ဝကကကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ရှင်သီဝလိမြေတော်ရာသို့အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
အစာအိမ်ရောဂါအကြောင်း

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ) |
| ၁၁:၀၀ | PR SYSTEM ရှင်းလင်းပွဲ |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၂) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၅၀ | ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ် |
| ၀၇:၀၀ | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး |
| ၀၇:၁၅ | ပြုံးပန်းဝေဖြာတို့တောရွာ |
| ၀၇:၄၅ | မင်းဘူးရောက်နဂါးမောက် |
| ၀၈:၅၀ | စားသုံးဆီပေါ်ကြွယ်ဝစေဖို့ |
| ၀၉:၃၀ | လယ်လုပ်သူတို့ပျော်ရွှင်ချိန် |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/Weekly Sports Info Sports Diary/Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၀-၉-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၃၇) တွင် မုဆိုးများ၏ ထောင်ချောက်ထဲတွင် ဖမ်းမိထားသော တိရစ္ဆာန်များကို ကယ်တင်ပေးခဲ့သော မျောက်ဖိုးစိန်အကြောင်းကို တင်ဆက်ထားသည့် "ဖိုးစိန်က မျောက်တော့မျောက်" မျက်နှာဖုံးကာတွန်းဇာတ်လမ်း၊ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဆက်စပ်နေသည့် အိုဇုန်းလွှာပျက်စီးရခြင်း အကြောင်းရင်းများနှင့်အတူ ကမ္ဘာမြေကြီး စိမ်းလန်းစိုပြည်ရန်အတွက် လူသားအားလုံးတွင် တာဝန်ရှိပုံကို ရေးသားတင်ပြထားသည့် "အိုဇုန်းလွှာအကြောင်း သိကောင်းစရာ" သုတကဏ္ဍ၊ ယုန်ပညာရှိက ဆင်နှင့်ဝေလငါးတို့၏ မာနများကို လျှော့ချစေပြီး ကိုယ်စီခွန်အားရှိသော အကြောင်းကို သရုပ်ဖော်ထားသည့် "ခွန်အားဆိုသည်မှာ" နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းက အသားဖြူချင်၍ နွားနို့သောက်သော်လည်း အသားမဖြူဘဲ မည်းနေသည့်အကြောင်းကို လင်းသစ်အား မေးမြန်းသည့်အခါ ဟာသလုပ်၍ ပြန်ဖြေပေးပုံကို တင်ဆက်ထားသည့် "လင်းသစ်" တစ်မျက်နှာကာတွန်း၊ စက်တင်ဘာလ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာ ကာကွယ်ရေးနေ့အကြောင်းနှင့် အိုဇုန်းလွှာပျက်စီးစေခြင်း အကြောင်းရင်းများကို တင်ဆက်ထားသည့် "ကမ္ဘာ့အိုဇုန်းလွှာ ကာကွယ်ရေးနေ့" နှစ်မျက်နှာကာတွန်း၊ မိုးတွင်းကာလ ရေမျောလာသော ထင်းတွေဆယ်ရာမှ ငန်းမြွေကြီးကပ်ပါလာသည့်အကြောင်း တင်ဆက်ထားသည့် "ရေမျောသစ်" နှစ်မျက်နှာကာတွန်း၊ နတ်ပြည်ကို တက်ကြည့်ချင်၍ အာကာသယာဉ်မှူးဖြစ်အောင် ကြိုးစားမည့် ဖိုးလပြည့်အကြောင်းကို တင်ဆက်ထားသည့် "ဖိုးလပြည့်" မျက်နှာဝက်ကာတွန်း၊ အင်္ဂလိပ်စာသင်ခန်းစာ ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊




ဝတ္ထုကဏ္ဍ၊ ပုံပြင်ကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉-၉-၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၁၃၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၁၉၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၂၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၂၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၉၈၅ ကျပ် | ၃၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၀၇၀ ကျပ် | ၃၁၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၁၀ ကျပ် | ၂၃၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၁၀ ကျပ် | ၂၄၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၁၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၀၃ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၇ . ၈၄၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၀ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၆ . ၈၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၃၉၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၃၂၄၀ | ၃၃၈၀၇၀၀၀ |
| MTSH | ၃၇၅၀ | ၃၅၀၀ | ၆၂၄၅ | ၂၂၂၈၁၄၅၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၁၉၅ | ၁၅၄၁၅၀၀ |
| FPB | ၂၃၅၀၀ | ၂၂၀၀၀ | ၁၀၆၉ | ၂၃၉၃၃၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၆၄၅ | ၁၈၀၃၇၅၀ |
| EFR | ၂၈၀၀ | ၂၇၀၀ | ၁၄၁၀ | ၃၉၄၇၂၀၀ |
| AHP | ၅၄၀၀ | ၅၄၀၀ | ၂၅၃ | ၁၃၆၆၂၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အန်းဒရွိုက် ၁၃ အခြေခံ Realme UI 4.0 အပ်ဒိတ်ရမည့် ဖုန်းများစာရင်းကို ကြေညာ




ယခုလအတွင်း အပ်ဒိတ်ရရှိမည့် GT Neo 3 စမတ်ဖုန်း။

**ရန်ကုန် စက်တင်ဘာ ၉**

ပြီးခဲ့သည့်လအတွင်းက မိတ်ဆက်ခဲ့သော အန်းဒရွိုက်ဗားရှင်းသစ်ဖြစ်သည့် Android 13 အခြေခံ Realme UI 4.0 အပ်ဒိတ်ရရှိမည့်အချိန်နှင့် ဖုန်းများစာရင်းကို Realme ကုမ္ပဏီက တရုတ်လူမှုကွန်ရက် Weibo တွင် စက်တင်ဘာ ၆ ရက်က ကြေညာခဲ့ရာ ဖုန်းမော်ဒယ်သစ်အများစုအနေဖြင့် အပ်ဒိတ်ရနိုင်မည့်စာရင်းတွင် ပါဝင်နေသလို မြန်မာနိုင်ငံဈေးကွက်အတွင်း ရောင်းချနေသည့် ဖုန်းမော်ဒယ်များလည်း ပါဝင်နေသည်ကို တွေ့ရသည်။

Realme UI 4.0 အပ်ဒိတ်ရရှိမည့် ဖုန်းများကို လအလိုက်ခွဲ၍ ကြေညာထားရာ ယခု စက်တင်ဘာလအတွင်း အပ်ဒိတ်ရမည့်ဖုန်းများမှာ GT Neo 3 150W, GT Neo 3, GT Neo 3 Naruto Limited Edition နှင့် GT 2 တို့ဖြစ်သည်။ အောက်တိုဘာလအတွင်း အပ်ဒိတ်ရမည့် ဖုန်းများမှာ GT 2 Master Explorer Edition, Q5 Carnival Edition, Q5 Pro, Q5 နှင့် GT Master Explorer Edition တို့ဖြစ်သည်။ နိုဝင်ဘာလတွင် GT 5G အတွက် အပ်ဒိတ်ရမည်ဖြစ်ပြီး ဒီဇင်ဘာလတွင် GT Neo 2, GT Neo 2 Dragon Ball Custom Edition, GT Neo Flash Edition နှင့် GT Neo တို့ အပ်ဒိတ်ရမည်ဖြစ်သည်။ ထို့အပြင် ၂၀၂၃ ခုနှစ်အတွင်း အပ်ဒိတ်ထပ်ပေးမည့်ဖုန်းများစာရင်းကိုလည်း မကြာမီ ထပ်မံကြေညာမည်ဟု သိရသည်။

Realme UI 4.0 တွင် အန်းဒရွိုက် ၁၃ တွင် ပါဝင်မည့် အခြေခံလုပ်ဆောင်ချက်များအပြင် အခြားထူးခြားချက်များအနေဖြင့် လက်ဗွေဖြင့်ဖုန်းဖွင့်သည့် Finger-print စနစ်တွင် ပုံစံအသစ်များ၊ ပိုမိုကောင်းမွန်သော Live Wallpaper လုပ်ဆောင်ချက်များနှင့် Animation လုပ်ဆောင်ချက်များ၊ Notification နှင့် ကွန်ထရိုးစင်တာတွင် အဆင့်မြှင့်တင်မှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အပ်ဒိတ်ရနိုင်မည့်စာရင်းမှာ ယခင်ရောင်းချထားပြီးသော ဖုန်းများအနက် အပ်ဒိတ်ရနိုင်မည့် ဖုန်းစာရင်းဖြစ်ပြီး Realme UI 4.0 ပထမဆုံးပါဝင်သည့် Realme GT 2 Pro ဖုန်းကိုမူ တရုတ်နိုင်ငံအတွင်း ဩဂုတ်လကုန်ပိုင်းကပင် စတင်ရောင်းချခဲ့ပြီးဖြစ်ကာ ထိုဖုန်းသည် အန်းဒရွိုက် ၁၃ ကို အစောဆုံးသုံးနိုင်သော ဖုန်းများစာရင်းတွင်လည်း ပါဝင်ခဲ့သည်။

ထို့အပြင် ယခုစာရင်းသည် တရုတ်နိုင်ငံဈေးကွက်အတွင်း ရောင်းချထားသော ဖုန်းများအတွက်သာဖြစ်ပြီး မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့ဈေးကွက်အတွင်း ရောင်းထားသည့် မော်ဒယ်တူဖုန်းများမှာမူ တရုတ်နိုင်ငံတွင် အပ်ဒိတ်ရချိန်ထက် အနည်းငယ်နောက်ကျပြီးမှ အပ်ဒိတ်ရနိုင်ဖွယ်ရှိကြောင်း သိရသည်။ **ကိုစိုး**

**ကိုးကား – gizchina.com**

## နိုင်ငံတကာဈေးကွက်မှာ စတင်ရောင်းချတဲ့ တန်ဖိုးနည်းဖုန်းမော်ဒယ်သစ် Redmi A1

**ရန်ကုန် စက်တင်ဘာ ၉**

Redmi A1 ဟာ Redmi က ထုတ်တဲ့ တန်ဖိုးနည်းဖုန်း မော်ဒယ်သစ်တစ်ခုဖြစ်ပြီး ကမ္ဘာ့ဈေးကွက်မှာ ပထမဆုံး ရောင်းချမှုအနေနဲ့ အိန္ဒိယနိုင်ငံမှာ စက်တင်ဘာ ၆ ရက်က စတင်ရောင်းချပါတယ်။ မြန်မာနိုင်ငံဈေးကွက်ကို ရောက်လာမယ့်အချိန်ကို အတိအကျ မသိရသေးပေမယ့် မကြာခင်အချိန်အတွင်း ဝင်ရောက်လာနိုင်သလို စွမ်းဆောင်ရည်နဲ့ ဈေးနှုန်းပိုင်းဟာ သင့်တော်တာကြောင့် ပြည်တွင်းဈေးကွက်မှာ ကြိုတင်ပြီး စိတ်ဝင်စားခံနေရတဲ့ ဖုန်းမော်ဒယ်တစ်ခုဖြစ်ပါတယ်။ Redmi A1 ဖုန်းရဲ့ အဓိကကျတဲ့ အချက်အလက်အချို့ကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၅၂ လက်မ |
| မျက်နှာပြင်အမျိုးအစား | LCD |
| Resolution | 1600 x 720 pixel |
| Chipset | MTK Helio A22 |
| CPU | Quad-core 2.0 GHz Cortex-A53 |
| RAM နဲ့ မင်မိုရီ | 3/32 |
| အန်းဒရွိုက်ဗားရှင်း | Android 12 Go Edition |
| ပင်မကင်မရာ | ၈ + ၂ မဂ္ဂါပစ်ဇယ် (Dual Camera) |
| ဆယ်လ်ဖီကင်မရာ | ၅ မဂ္ဂါပစ်ဇယ် |
| ဘက်ထရီ | 5000 mAh |
| အားသွင်းစနစ် | 10W အမြန်အားသွင်းစနစ် |



Redmi A1 ရဲ့ Chipset, CPU, RAM နဲ့ Storage ပိုင်းတွေဟာ ဈေးနှုန်းအရ သင့်တော်ပေမယ့် Fingerprint မပါဝင်တာကတော့ အားနည်းချက်တစ်ခု ဖြစ်ပါတယ်။ 4G ဆင်းကတ်နှစ်ကတ်သုံးနိုင်ပြီး မင်မိုရီကတ်စိုက်သုံးရင်လည်း 512GB အထိ ထောက်ပံ့ပေးနိုင်တာကတော့ ဒီဖုန်းရဲ့ အားသာချက်တွေ ဖြစ်ပါတယ်။ ဒီဖုန်းကို အိန္ဒိယနိုင်ငံမှာ ရောင်းချတဲ့ဈေးက ၆၄၉၉ ရူပီးဖြစ်လို့ မြန်မာငွေနဲ့ဆိုရင် ကျပ်နှစ်သိန်းကျော်လောက်ပဲ ကျသင့်မှာ ဖြစ်ပါတယ်။ **ကိုစိုး**

## shop.com ဝက်ဘ်ဆိုက်က ၉ ရက် ၉ လ အထူးဈေးရောင်းပွဲပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံ၏ အကြီးဆုံး အွန်လိုင်းရှော့ပင်ဝက်ဘ်ဆိုက်ဖြစ်သည့် shop.com.mm က 9.9 Super Sale Day အမည်ဖြင့် အထူးဈေးရောင်းပွဲကို စက်တင်ဘာ ၉ ရက်မှ စတင်ပြုလုပ်လျက်ရှိပြီး ၁၃ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီမှစ၍ ကုန်ပစ္စည်းအမျိုးအမည်များစွာကို ၉၉ ကျပ်တည်းဖြင့် ဝယ်ယူခွင့်ရမည့် အစီအစဉ်၊ ၇၀ ရာခိုင်နှုန်းအထိ လျှော့ဈေးနှင့် ဆုလက်ဆောင်များ ပြန်လည်ရရှိနိုင်မည့်အစီအစဉ်၊ တစ်ခုဝယ် တစ်ခုလက်ဆောင်ရရှိမည့် အစီအစဉ်၊ ကံစမ်းမဲအစီအစဉ်၊ ပါဝင်ရောင်းချမည့် ကုမ္ပဏီများအလိုက် ထပ်မံဈေးနှုန်းလျှော့ချပေးမည့်အစီအစဉ်စသည့် အထူးအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဈေးရောင်းပွဲမတိုင်မီ အကြိုအစီအစဉ်များအဖြစ် လျှော့ဈေးကူပွန်များ လက်ဆောင်ပေးခြင်း၊ လျှော့ဈေးကူပွန်များရရှိမည့် ဂိမ်းများနှင့် လျှော့ဈေးကူပွန်များရနိုင်မည့် ကံစမ်းမဲအစီအစဉ်များကိုလည်း စက်တင်ဘာ ၂ ရက်မှ ၈ ရက်အတွင်း ပြုလုပ်ခဲ့ပြီး အထူးဈေးရောင်းပွဲတွင် ပါဝင်လိုသူများအနေဖြင့် Shop App MM အက်ပလီကေးရှင်းကို ပလေးစတိုးတွင် ဒေါင်းလုပ်ရယူ၍ အကောင့်ဖွင့်ပြီး ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး**

## အူရီဒူးမြန်မာက STEVIE® ဆုတံဆိပ် အမျိုးအစားသုံးမျိုး ဆွတ်ခူးရရှိ

**ရန်ကုန် စက်တင်ဘာ ၉**

အူရီဒူးမြန်မာသည် (၁၉)ကြိမ်မြောက် International Business Awards ၂၀၂၂ တွင် သုံးစွဲသူအား စိတ်ကျေနပ်မှုပေးစွမ်းနိုင်ခြင်းကဏ္ဍ၊ ကိုဗစ်-၁၉ ကို အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ခြင်းဆိုင်ရာကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အောင်မြင်မှုရလဒ်ကဏ္ဍများတွင် STEVIE® ကြေးတံဆိပ်ဆုသုံးခုကို ဆွတ်ခူးရရှိခဲ့ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အူရီဒူးမြန်မာသည် My Ooredoo အက်ပလီကေးရှင်းဖြင့် သုံးစွဲသူအား စိတ်ကျေနပ်မှုပေးစွမ်းနိုင်ခြင်းဆိုင်ရာ ဆုတံဆိပ်ကို ရရှိခဲ့ခြင်းဖြစ်သည်။ အက်ပလီကေးရှင်းကို လုပ်ဆောင်ချက်အားလုံးပါဝင်သည့် ပလက်ဖောင်းအဖြစ် ဖန်တီးထားကာ ၂၀၂၁ ခုနှစ်တွင် ထပ်တိုးလုပ်ဆောင်ချက်များ ထည့်သွင်းခဲ့ခြင်း၊ အက်ပလီကေးရှင်းတွင် M-ပိုက်ဆံကိုပါ ထပ်မံပေါင်းစပ်လိုက်ခြင်း၊ ဂိမ်းနှင့် ဖျော်ဖြေရေးအစီအစဉ်များကို အက်ပလီကေးရှင်းထဲတွင် ရယူခံစားနိုင်ခြင်းနှင့် ကောစင်တာသို့ ဖုန်းခေါ်ဆိုစရာမလိုဘဲ အက်ပလီကေးရှင်းမှတစ်ဆင့် ဒစ်ဂျစ်တယ်ဖြင့် သတင်းပို့နိုင်သည့် သုံးစွဲသူဝန်ဆောင်မှုကဏ္ဍတို့ကြောင့် ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကို အကောင်းဆုံး တုံ့ပြန်ဆောင်ရွက်နိုင်မှုဆိုင်ရာ ဆုတံဆိပ်မှာ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ တုံ့ပြန်ရေးတွင် အူရီဒူးမြန်မာ၏ ပံ့ပိုးကူညီမှုများအတွက် ရရှိခြင်းဖြစ်ပြီး အူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးအတွက် ယနေ့အထိ ပံ့ပိုးကူညီမှုအစီအစဉ်အမျိုးမျိုးဖြင့် ကျပ် ၃ ဒသမ ၉ ဘီလီယံကျော် လှူဒါန်းထားသည့်အပြင် ကိုဗစ်-၁၉ သတင်းအချက်အလက်များနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများကို ဆိုရှယ်မီဒီယာချန်နယ်များမှ ဖြန့်ဝေခြင်း၊ သက်ဆိုင်ရာကျန်းမာရေးဌာနများက ပြည်သူများသို့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကြံဉာဏ်များပေးအပ်ရာတွင် ဆက်သွယ်ရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အောင်မြင်မှုရလဒ်ကဏ္ဍတွင် ရရှိသည့်ဆုမှာ အူရီဒူးအနေဖြင့် ကိုဗစ်-၁၉ ကာလတွင် ဝန်ထမ်းများ၏ လူနေမှုဘဝ အဆင်ပြေစေရန်အတွက် ကောင်းမွန်သောလုပ်ငန်းခွင်ပတ်ဝန်းကျင် ဖန်တီးပေးခဲ့ခြင်းနှင့် အရေးပေါ်အခြေအနေတွင် ဝန်ထမ်းများ လုံခြုံရေးနှင့် ဘေးကင်းရေးအတွက် ဆောင်ရွက်ပေးခဲ့ခြင်းတို့ကြောင့် ရရှိခြင်းဖြစ်သည်။

International Business Awards သည် ကမ္ဘာ့ထိပ်တန်းစီးပွားရေးဆုပေးပွဲအစီအစဉ်ဖြစ်ကာ ယခုနှစ်တွင် နိုင်ငံ ၆၇ ရှိ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများထံမှ အဆိုတင်သွင်းမှုယှဉ်ပြိုင်မှု ၃၇၀၀ ကျော်ရှိခဲ့ကြောင်းနှင့် ဆုများကို ကမ္ဘာတစ်ဝန်းရှိ အမှုဆောင်အရာရှိ ၃၀၀ ကျော်၏ ပေးမှတ်များဖြင့် ဆုံးဖြတ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဇင်ဦး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၅)၊ ဦးပိုင် အမှတ်(၆၃)၊ မြေဧရိယာ ၀ဒသမ ၁၁၀ ဧကရှိ မြေကွက်သည် မူလက ဒေါ်အေးစိုး အမည်ဖြင့် ၃၀-၆-၂၀၂၂ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး မိခင် ဒေါ်အေးစိုး သည် ၈-၇-၂၀၀၂ ရက်တွင်လည်းကောင်း၊ ဖခင်ဦးမြဦးသည် ၁၃-၁-၁၉၆၅ ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြပြီး သား ဦးစံရွှေထွန်းသည် ၁၅-၃-၂၀၁၆ ရက်တွင် လူပျိုဘဝဖြင့် ကွယ်လွန်ခဲ့ပြီး သမီး ဒေါ်ခင်စန်းမြင့်နှင့် ဒေါ်ခင်မြတ်သူတို့ (၂)ဦးသာ ကျန်ရှိခဲ့ပြီး အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ခင်စန်းမြင့် ၁/ပတအ(နိုင်)၀၀၈၂၇၄ နှင့် ဒေါ်ခင်မြတ်သူ ၁/ ပတအ(နိုင်)၀၀၈၂၉၇ တို့(၂) ဦး အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၈-၅-၂၀၂၂ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် ၁၂၃/၂၀၂၂ ကို ၃-၆-၂၀၂၂ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် ၂၅၄/၂၀၂၂ အဖြစ်မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ်(၂-ခ၊ မန်ခိန်ဆရာကထောင်မြောက်)၊ ဦးပိုင်အမှတ်(၂၈၂/၂)၊ မြေဧရိယာ ၀ဒသမ ၄၁၈ ဧကရှိ မြေကွက်သည် ဒေါ်ဂျာဒွဲအမည်ဖြင့် ၂၀၁၄-၂၀၁၅ ၊ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ မြို့မြေခွန်ခပြေစာထမ်းဆောင်ခဲ့သော မြေကွက်ဖြစ်ပြီး ဒေါ်ဂျာဒွဲမှ တူတော်စပ်သူ ဦးအင်လန်ဇော်ဆိုင်းအား မြို့မြေခွန်ခပြေစာ အမည်ပေါက် ပြောင်းလဲစေပြီး အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဦးအင်လန်ဇော်ဆိုင်းအမည်ဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှစ၍ ၂၀၁၉-၂၀၂၀ ခုနှစ်အထိ မြို့မြေခွန်ခ ပြေစာ ထမ်းဆောင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ဦးအင်လန်ဇော်ဆိုင်းထံမှ ဒေါ်ထုဆန်က ၂၄-၉-၂၀၂၁ရက်တွင် နှစ်ဦးနှစ်ဖက်သဘောတူ အိမ်ခြံဝင်း အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ထုဆန်အမည်ဖြင့် ၂၀၂၀-၂၀၂၁ခုနှစ်မှစ၍ မြို့မြေခွန်ခပြေစာများကို ယနေ့အချိန်အထိ ထမ်းဆောင်လျက်ရှိသဖြင့် ဒေါ်ထုဆန် ၁/မကန(နိုင်)၁၂၉၀၃၆ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၅-၈-၂၀၂၂ရက်စွဲပါ ကတိသစ္စာ ပြုလွှာအမှတ် ၄၈၃/၂၀၂၂ ကို ၈-၈-၂၀၂၂ရက်စွဲပါ ကတိသစ္စာပြုလွှာ မှတ်ပုံတင်အမှတ် (၃၄၅/၂၀၂၂) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## တိုက်နှင့်မြေကွက်အမြန်ရောင်းမည်။

ပြင်ဦးလွင်၊အောင်ချမ်းသာ၊မန္တလေး-လားရှိုးလမ်းမကြီးမေးတင် (အတက်လမ်း)၊ပေ(၉၀'×၉၂')အာစီနှစ်ထပ်တိုက်၊ဂရန်ရှိ၊ရေမီး၊ အစုံ၊ဆိုင်ခန်း၊ဟိုတယ်၊တည်းခိုခန်းဖွင့်ရန် အလွန်ကောင်း။ (အဆင့်မြင့်ပစ္စည်းစုံပါရှိပြီး)။

စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူများအမြန်ဆက်သွယ်ပါ။သိန်း(၅၉၀၀)

ဖုန်း – ၀၉၅၀၀၀၆၇၇၃၊ ၀၉၅၁၅၉၁၃၄၊ ၀၉၅၁၅၁၅၅၆၊ ၀၉၄၃၀၁၉၇၇၈။

## ကုမ္ပဏီအမည်ပြောင်းလဲခြင်း၊ ဒါရိုက်တာနုတ်ထွက်ခြင်း၊ အစုရှယ်ယာပြောင်းလဲခြင်း အများပြည်သူသိရှိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း အမှတ် ၄၇/ဒီတွင် ရုံးချုပ်တည်ထောင်ဖွင့်လှစ်ထားသည့် DO Microfinance Co.,Ltd. အသေးစား ငွေရေးကြေးရေးလုပ်ငန်း (လိုင်စင်အမှတ်–၀၃၁၆/၂၀၁၉) ကို OKM Microfinance Co.,Ltd. အမည်သို့လည်းကောင်း၊ ၂၆-၇-၂၀၂၂ ရက် တွင်ကျင်းပသော အစုရှယ်ယာရှင် အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိဘုတ်အဖွဲ့ဝင် KENICHI SHIMOMOTO–TS 1064627, HAJIME HASEGAWA–TK 7432390, MIHO OGATA–TR2724033 တို့သည် ဒါရိုက်တာရာထူးမှ နုတ်ထွက်ပြီး Daiwa PI Partner ပိုင်ဆိုင်သော အစုရှယ်ယာအားလုံးကို OKM Microfinance Co.,Ltd. သို့ လွှဲပြောင်းခြင်း စသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို DICA တွင်ဆောင်ရွက်ပြီးစီးပါကြောင်းနှင့် ကုမ္ပဏီနှင့် ငွေရေးကြေးရေးပတ်သက်ဆက်နွယ် ဆောင်ရွက်လျက်ရှိသော အသင်းသားများ၊ အခြားသော Stakeholderများနှင့် အများ ပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဒေါက်တာ ဦးသိန်းထွန်း Chief Operating Officer**
**အမှတ် ၄၇/ဒီ၊ ၇ မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၇၉၉၄၄၄၆၀၂**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၃/ပေါင်းလောင်း(၃)၊ လူနေရပ်ကွက် အမှတ်– ရွာကောက်၊ မြေကွက်အမှတ် (၁၆၆၇၊ ၁၇၃၈)ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မွန်မွန်လင်းအမည် မှတ်သားတည်ရှိသည့် နှစ်(၃၀) မြေငှားဂရန် မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဒေါ်မွန်မွန်လင်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ရရှိသူ ဒေါ်ဆောင်းဝတ်ရည်လင်း(ဘ)ဦးအောင်မျိုး ၉/ပမန(နိုင်)၂၅၇၉၁၂ထံမှ ကျွန်ုပ် မိတ်ဆွေသည် ဥပဒေနှင့်အညီ ဝယ်ယူရန်ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ ထိုအိမ်ဝိုင်းမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ၊ တရားရုံး အမိန့်ဒီကရီများစသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသူမြင့် (LL.B,LL.M )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၆၆၉/၂၀၁၆)**
**၁၄/၆၂၈၊ (၄)လမ်း၊ ပေါင်းလောင်း(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း–၀၉–၄၃၁၀၉၀၆၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးမြို့၊ ရန်နိုင်ရပ်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၆၁၃/ဆုံကုန်းရိုး)၊ ဦးပိုင် အမှတ်(၃၀၃)၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧကရှိ မြေကွက်အား မကွေးခရိုင်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်(၆၆၁/၁၉၉၇–၁၉၉၈)အရ ၁၉–၂–၁၉၉၈ ရက်မှ ၁၈–၂–၂၀၂၈ ရက်အထိ နှစ်(၃၀)ဂရန်အား ဦးစိန်တင်အေးအမည်ဖြင့် မြေဂရန် ချထားပေးခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် (၁–က)စာရင်းရေးသွင်းမှုမရှိသေးသဖြင့် (၁–က)စာရင်း ပြန်လည်ရေးသွင်းပေးရန် မြေဂရန် မိတ္တူနှင့်အတူ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှု အထောက်အထားများဖြင့် ဤသတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိရှိစေရန်ကြေညာခြင်း

မကွေးမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ရန်ကျော်ရပ်၊ (၁၄)လမ်း၊ အထူး(၁၆) နေ ဒေါ်မြင့်သီ ၈/မကန(နိုင်)၀၃၃၇၅၉ လက်ရှိနေထိုင်ပိုင်ဆိုင်သော ဝိုင်းမြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ (နှစ်)ထပ် အဆောက်အအုံတစ်လုံးအပါအဝင် အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးကို အရောင်းအဝယ်ပြုလုပ်ရန်အတွက် စရန်ငွေတချို့ တစ်ဝက်အား ပေးချေထားပြီးဖြစ်၍ ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးသည်အထိ ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ငြိမ်း ၈/စတရ(နိုင်)၀၀၅၇၄၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထွန်းသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၁၆၈/၂၀၁၄)**
**အမှတ်–Fs.၅၉၊ (၂၀)လမ်း၊ မြင်သာရပ်ကွက်၊ မကွေးမြို့**
**ဖုန်း–၀၉–၄၀၁၅၆၄၅၉၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၀)ရပ်ကွက်၊ ကျန်စစ် သားလမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(အေ/၂)၊အခန်းအမှတ်(၁၀၁)၊ တိုက်ခန်းအကျိုးခံစားခွင့်အားလုံးတို့ကို ယခုလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းထွန်း ၁၂/လကန(နိုင်)၁၂၉၃၁၂၊ (HGU–၀၀၈၁၅၂)မှ ရောင်းချပိုင်ခွင့် ရှိလာခဲ့ပါသည်။ ၎င်းထံမှကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘော တူညီကြပြီး တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသပေး ချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာ ပါပြီးသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်လှလှခိုင်(လိုင်စင်–၂၃၃၈၀)**
**အထက်တန်းရှေ့နေ**
**အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၅၀၄၉၃၇၆၊ ၀၉–၅၁၄၉၇၆၃**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ– ၂၀ )
### ပွင့်ဖြူမြို့နယ် တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်– ၈၅

ဒေါ်တင်တင်ထွေး နှင့် ဒေါ်သိန်းငွေး
**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ညောင်ခြံကျေးရွာအုပ်စု၊ ဆင်စုကျေးရွာနေ ဒေါ်သိန်းငွေး (ဘ)ဦးအောင်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်တင်ထွေးက တရားလိုထံမှ တရားပြိုင် ခေတ္တ ငှားယူသွားခဲ့သော ငွေ ၁၁၅၀၀၀၀/– ကျပ်အတွက် ရလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့် အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၅ ရက် (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူသည် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့ပါလျှင် သင့်ကွယ် ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပြည့်ပြည့်ဖြိုးငြိမ်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ပွင့်ဖြူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ အောင်ရတနာ(၁၄)လမ်း၊ အိမ်အမှတ်(၁၈၀)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက် အမှတ်(၁၈၀)၊ အကျယ်အဝန်း(အလျား၃၅ပေxအနံ၅၀ပေ)အကျယ်အဝန်းရှိ ဒေါ်မြင့် မြင့်စမ်း အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်ဆွေ ၁၂/လကန (နိုင်)၀၆၈၂၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေး ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခု ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သော်သော်သက်တင်**
**(LL.B)W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၁၇)**
**အမှတ်(၇၁)၊ မြေညီထပ်၊ နီဗွာန်လမ်း၊ သာခု(အရှေ့)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၂၅၀၀၂၃၆၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ နေကြာ(၈)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဥတ္တရသီရိမြောက်ရပ်)၊ဦးပိုင်(မြေကွက်အမှတ်(ဥ–၇၄၇၆)၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၃၀) မြေငှားဂရန် မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနတွင် ဒေါ်ကေခိုင်စိုး(ဘ) ဦးခင်စိုး(၆/မအရ(နိုင်)၀၉၇၉၃၈)အမည်ဖြင့် အမည်ပေါက်ထားပြီး အပြီးအပိုင်ဝယ်ယူထားသူ ဦးတင်မောင်လှ ၁၂/လကန(နိုင်) ၀၂၂၃၁၂ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေဒေါ်ရည်မွန်အောင် ၈/ဆမန(နိုင်)၀၄၈၂၈၅က အဆိုပါ ဝိုင်းခြံမြေနှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင် ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အဆိုပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အ ထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေမြင့် (စဉ် ၁၇၃၈၉/၂၁) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၅/၆၉၀)၊ရန်–မန်းလမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊**
**ဖုန်း– ၀၉–၂၅၀၂၀၃၀၃၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရတနာပုံအိမ်ရာစီမံကိန်း၊ ဒေါ်သိန်းတင်လမ်း၊ စုပေါင်းအဆောက်အအုံအမှတ် (၈၇/၈၉)၊ အခန်းအမှတ်(၇၀၁) မူလ အမည်ပေါက် ဦးပြေကျော် (TTA–၁၁၀၀၀၂) ထံမှ တစ်ဆင့်ဝယ်ယူထားသူ ဦးမျိုးမင်းလတ် ၁၂/သဃက(နိုင်)၁၉၂၁၂၉က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက် နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## တရားဝင်ဇနီးဖြစ်ကြောင်းကြေညာခြင်း

ကျွန်မ မနှင်းနန္ဒာဝင်း ၁၄/ဇလန(နိုင်)၀၉၇၅၇၇နှင့် ကိုသန်းကျော်ဦး ၁၂/မဂတ(နိုင်)၀၈၁၈၁၇တို့သည် ၂၀–၁၁–၂၀၁၃ရက်မှစ၍ အကြင်လင် မယားအဖြစ် ပေါင်းသင်းခဲ့ရာ သမီးတစ်ဦးထွန်းကားခဲ့ပါသဖြင့် ယနေ့ အချိန်အထိ ကျွန်မ မနှင်းနန္ဒာဝင်းသည်သာ တရားဝင်ဇနီးမယားဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနှင်းနန္ဒာဝင်း**
**၁၄/ဇလန(နိုင်)၀၉၇၅၇၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Housing Project (2010–2011) အိမ်ရာ၊ တိုက်အမှတ် (၄/၂) ၊ အခန်းအမှတ် (၁၁)၏ မူလအမည်ပေါက် ဗိုလ်မှူးကြီးသစ်လင်းအုန်း ၉/ပသက(နိုင်)၀၆၅၀၁၅ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဦးဝင်းဖြိုးသိန်း ၆/မအရ(နိုင်)၀၉၆၆၀၀က ဝယ်ယူထားပြီးဖြစ်ပါ၍ ၎င်းအမည်ဖြင့် ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာ သည့် ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက် နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် (၂၁၈)၊ ငါးလွှာ၊ ခြေရင်းခန်း၊ ပောင်ကောင် နှစ်လွှာ၊ (၁၅ပေ x ပေ၆၀)အကျယ်ရှိ ကိုယ်ပိုင် မီတာ/ရေအပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးပိုင်ဆိုင်သူ ဒေါ်ထွေးကြည် (မိခင်) ကိုယ်စား ဦးညီလင်းဆွေ ၁၄/ကခန(နိုင်)၀၀၁၃၀၅ထံမှ ကျွန်မ ဒေါ်မိုးမိုးခိုင် ၁၂/လမတ (နိုင်)၀၂၇၆၄၅က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးအပ်ပြီးဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးစီးအောင် ဆက်လက်ပြုလုပ်သွားမည်ဖြစ် ပါသည်။

**ဒေါ်မိုးမိုးခိုင် ၁၂/လမတ(နိုင်)၀၂၇၆၄၅**
**အမှတ်(၁၄၄၅)၊ ကျောက်စိမ်းလမ်း၊ (၅၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း–၀၉–၄၃၁၁၈၁၃၂**

## မြေဝယ်ယူခြင်းအတွက်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ အောင်မင်္ဂလာ(၄)လမ်း၊ မြေကွက်အမှတ် (၁၃၅)၊ အကျယ်–(၄၀ပေx၇၀ပေ) ရှိ မြေကွက်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်နုနုငွေး ၁၂/တမန(နိုင်)၀၂၀၇၆၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပိုင်ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

ယင်းဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောမူရင်းအထောက် အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်ပါမည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဒင်(LL.B)(စဉ်–၇၃၃၁)**
**တရားလွှတ်တော်ရှေ့နေ**

| | |
|---|---|
| **ဒေါ်ဝေဝေလွင် (LL.B)(စဉ်–၄၆၈၉)** | **ဒေါ်အောင်ကျော်မ(LL.B)(စဉ်–၁၂၅၈၈)** |
| **D.L.P, WIPO(Switzerland)** | **D.L.P, WIPO (Switzerland)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၈၃)၊ ၃–လွှာ၊အခန်း(၁၃/၃)၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၁–၅၄၅၄၇၃၊ ၀၉–၅၄၀၂၇၇၄၊ ၀၉–၇၉၉၁၅၈၅၈၄**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော တိုးတက်အောင်–၇ အမည်ရှိ ကော့သောင်းခရိုင်ငါးဖမ်းရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ် MDS/0001/18) ရေယာဉ်၏ တန်ချိန်–၂၈.၁၉ အား ဂရန် အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးဖေယျာဦး ၆/ထဝန(နိုင်)၀၇၂၆၃၉ အမည်မှ ဦးမင်း သူအောင်၆/ထဝန(နိုင်)၀၉၆၉၆၇ အမည်သို့ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထား လာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း၃၀အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်း များနှင့်အညီ လျှောက်ထားသူအမည်သို့ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ် ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရေနံချောင်းမြို့၊ ညောင်လှဒိုင်နယ် ၊ ဆိပ်သာကွန်းထောက်ရပ်ကွက်နေ (ဦးဝင်းနိုင်)–ဒေါ်စန်းစန်းဝင်း ၈/ရနခ(နိုင်)၁၂၇၃၄၂ တို့၏သား မောင်ကိုကို နိုင် ၈/ရနခ(နိုင်)၁၃၈၈၂၉ သည် မိခင်ကြီး၏ ဆိုဆုံးမစကားကို မနာခံဘဲ မိခင်ကြီးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါ သည်။ နောက်နောင် မောင်ကိုကိုနိုင်နှင့် ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မိခင်–ဒေါ်စန်းစန်းဝင်း**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၆)၊ ယသဝတီလမ်း၊ မြေကွက်အမှတ်(၃၂၉)ဟုခေါ်တွင်သော ဦးပရိဘူ ဒေယာ(လ်) အမည်ပေါက်သည့် အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်း မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အဆောင်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်စာချုပ် အဆက်ဆက်တို့ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသော ဒေါ်နွယ်နွယ်ဦး ၇/သနပ(နိုင်)၀၆၁၆၆၂ မှ အပြီးအပိုင်လွှဲပြောင်း ရောင်းချလိုကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ် ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်စိုးသီတာအေး**
**အထက်တန်းရှေ့နေ (စဉ် – ၄၈၁၇၀)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊**
**ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း –၀၉–၄၄၄၆၇၇၇၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာ၊ မြမြင့်မိုရ်လမ်း၊ ကွင်း အမှတ်(၆၈၁)၊ ဦးပိုင်အမှတ် (၁၂၁/က)အတွင်းမှ အကွက်အမည်–(G)ဟုခေါ်တွင်သည့် ပေ(၄၀x၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ် ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဖန်ကျိန်ယုန် ၁၃/လရန(နိုင်)၀၇၄၄၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငွေးလှိုင် ၅/ရဘန(နိုင်) ၁၁၆၉၃၅ သည် ၁–၉–၂၀၂၂ ရက်စွဲပါ "နှစ်ဦးသဘောတူမြေအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ချုပ်ဆို၍ ဝယ်ယူ ဆောင်ရွက် လက်ရောက်ရယူထားပြီးဖြစ်ရာ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှု တစ်စုံတစ်ရာ ပတ်သက်မှုရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ–** | **လွှဲအပ်ချက်အရ–** |
| **ဦးငွေးလှိုင်** | **ဦးမြတ်ကိုကို (LL.B) (စဉ် –၄၈၂၀၄)** |
| | **အမှတ် (၉၆)၊ အောင်သုခရပ်၊ ရပ်ကွက်ကြီး(၅)၊** |
| | **ပြင်ဦးလွင်မြို့** |
| | **ဖုန်း–၀၉–၄၃၁၀၁၃၃၉** |

## ဖခင်အမည်မှန်

မြိတ်မြို့၊ ထွန်းတောက်ကြယ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade–11 မှ မညီညီမှူး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးသက်နိုင်ဦး ၆/မအရ(နိုင်)၀၉၈၈၇၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဒေးဒရဲမြို့နယ်၊ ကဒါကျေးရွာနေ မမျိုးမျိုးထက်၏ ဖခင်အမည်မှန် ဦးကျော် ၁၄/ဒဒရ(နိုင်)၀၄၃၉၈၃ ဖြစ်ပါကြောင်း။

**ဦးကျော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မြို့နယ်၊ ဆင်ဘိုးကျေးရွာအုပ်စု၊ ဆင်ဘိုး ရပ်နေ ဦးဆွေဆုံ ၁၃/ကမန(နိုင်) ၀၂၅၄၀၂နှင့် ဦးကျော်ထွန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဆွေဆုံ(ခ)ဦးကျော်ထွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စော ၁၃/ဟပန (နိုင်)၁၀၅၀၁၆၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံး ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း–၀၉–၄၀၃၁၁၇၆၉၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းဦး ၁၃/ပလန (နိုင်)၁၁၈၆၄၃၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံး ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း–၀၉–၉၄၁၇၄၅၅၂၈**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းစံဟွမ် ၁၃/ဆဆန (နိုင်)၁၀၅၆၅၀၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံး ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း–၀၉–၄၂၈၈၈၃၄၀၄**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခိမာဒေဝီ ၁/ဝမန(နိုင်) ၀၄၄၂၆၇၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၈၇၄၃၉၇၈၉**

## ပျောက်ဆုံးကြောင်း

ကျွန်မ မမူတောင်း ၁၃/ဖခန(နိုင်) ၀၄၆၈၃၁၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၅၁၁၇၃၀၂၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းပိုင် ၁၁/စတန (နိုင်)၁၃၈၀၆၄၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန် အများသိစေရန် ကြေညာ အပ်ပါသည်။ **ဖုန်း–၀၉–၄၂၈၀၉၀၁၉၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝိုး ၁၃/တကန (နိုင်)၂၂၈၁၂၀၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံး ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း–၀၉–၄၄၀၁၆၁၀၉၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2A/8647 Toyota Dyna၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ဧယ/၉၁၇၁၆ Honda Scoopy–110 ယာဉ်လက်ဝယ် ရှိသူ N.C.X Myanmar Co.,Ltdက (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက် ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

**သွေးသည် အသက်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်မျိုးညွန့်
## အသက်(၉၄)နှစ်

မန္တလေးမြို့နေ(ဒုတိယအရေးပိုင်မင်း ဦးဘတော်-ဒေါ်တင့်)တို့၏သမီး၊ (ဒေါ်ခင်သိန်းကြည်)၏ ညီမ၊ (ဦးကိုကိုကြီး)၊(ဦးတော်တော်)၊ ဒေါ်မေမေတော်၊ ဒေါ်ခင်ခင်တော်တို့၏အစ်မ၊ ဒေါ်ခင်သီတာမျိုး၏ မိခင်ကြီးသည် ၉-၉-၂၀၂၂ရက် (သောကြာနေ့)နံနက် ၇:၁၅နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ ဆန္ဒအရ မန္တလေးဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစောဖါးဒါး
### အသက်(၈၈)နှစ်

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး-ဒေါ်နန်းဘေဘီမြင့်တို့၏ ဖခင်ဖြစ်သူ ဦးစောဖါးဒါး အသက်(၈၈)နှစ် သည် ၈-၉-၂၀၂၂ရက် (ကြာသပတေးနေ့)ည ၁၁:၂၀ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကရင်ပြည်နယ်သယံဇာတရေးရာဝန်ကြီး နှင့် ဇနီး၊ ဝန်ထမ်းမိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစောဖါးဒါး
### အသက်(၈၈)နှစ်

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး-ဒေါ်နန်းဘေဘီမြင့်တို့၏ ဖခင်ဖြစ်သူ ဦးစောဖါးဒါး အသက်(၈၈)နှစ် သည် ၈-၉-၂၀၂၂ရက် (ကြာသပတေးနေ့) ည ၁၁:၂၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများ**

---

## ဗိုလ်မှူးရဲထွန်း
### (ဒုတိယညွှန်ကြားရေးမှူးချုပ်)
### နေပြည်တော်စည်ပင်(ငြိမ်း)
### အသက်(၆၆)နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ လောပိတနေ ဦးတင်ညွန့်-ဒေါ်ယဉ်နု တို့၏သား၊ ပါမောက္ခ ဒေါက်တာခင်ချိုဝင်း(ငြိမ်း)ဓာတ်ရောင်ခြည်နှင့် ကင်ဆာအထူးကု၊ ရန်ကုန်ဆေးရုံကြီး၏ခင်ပွန်း၊ ဒေါက်တာ သီရိရွှေရည်၊ ဒေါက်တာ ခင်မိုးပြည့်သူ(ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)တို့၏ဖခင် ဗိုလ်မှူးရဲထွန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော် စင်ပင်-ငြိမ်း)သည် ၈-၉-၂၀၂၂ရက် (ကြာသပတေးနေ့)ည၉:၃၅နာရီတွင် သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ ပိတောက်လမ်း၊ အမှတ် ၁၂ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၂၂ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစောဖါးဒါး
### အသက်(၈၈)နှစ်

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး-ဒေါ်နန်းဘေဘီမြင့်တို့၏ ဖခင်ဖြစ်သူ ဦးစောဖါးဒါး အသက်(၈၈)နှစ် သည် ၈-၉-၂၀၂၂ရက် (ကြာသပတေးနေ့)ည ၁၁:၂၀ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရဲထွန်း
### အသက်(၆၆)နှစ်

သူငယ်ချင်း ကိုရဲထွန်း အသက်(၆၆)နှစ်သည် ၈-၉-၂၀၂၂ ရက်(ကြာသပတေးနေ့)ည ၉:၃၅နာရီ တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သီဟတပ်ခွဲ**
**သူငယ်ချင်းမိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘုန်းဆွေ(ခ)ဦးဂျော်နီ
### အသက်(၇၅)နှစ်

ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာ အိဖြူလွင်၏ အစ်ကို ဖြစ်သူ သည် ၆-၉-၂၀၂၂ရက် နံနက် ၁၁:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ဆေးတက္ကသိုလ်-၂ (ရန်ကုန်)**
**ဆေးဝါးတက္ကသိုလ်-ရန်ကုန်(ပူးတွဲတာဝန်)**
**ပညာရှင်၊ ဆေးဝါးတက္ကသိုလ်-ရန်ကုန်**
**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်-၂ (ရန်ကုန်)၊ ဆေးဝါးတက္ကသိုလ်-ရန်ကုန်**

---

## ဦးကျော်ဇွာ
### အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်းနေ (ဦးခင်မြင့်- စက်ရုံမှူး)-ဒေါ်ကြည်လွင်တို့၏သား၊ မဖြူဖြူဝင်း၊ မစိုးမိုးတို့၏မောင်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ် ၄၉နေ ဦးသိန်းထွန်း-ဒေါ်မြင့်မြင့်ကြည်တို့၏ သားသမက်၊ (ဦးဝင်းနွယ်)၊ ဒေါ်မြင့်သန်း တို့၏တူ၊ ဒေါက်တာသန္တာဝင်းနွယ်၊ ဦးဇော်ဝင်း-ဒေါ်စန္ဒာဝင်းနွယ်၊ ဦးဝင်းထက်-ဒေါ်ဝင်းဝင်းနွယ်တို့၏မောင်၊ မောင်စောခိုင်ထွန်း-မဖြူနှင်းအိတို့၏အစ်ကို၊ မဆုပြည့်ပြည့်ထက်၊ မဖြူစင်ဝင်းထက်၊ မယုယသံစဉ်ထွန်းတို့၏ ဦးလေး၊ မမေဖူးပြည့်စံ၏ ချစ်လှစွာသောဖခင်၊ ဒေါ်ကေခိုင်ထွန်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၇-၉-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၂ရက် (သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်မေသန်း
### ဦးအုန်းရွှေနှင့် သားများ သင်္ဘောဆေးဆိုင်(၂၆)လမ်း
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်-အနောက်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၃၇-၁၃၉ နေ ဦးအုန်းရွှေ-ဒေါ်အေးမိတို့၏ချစ်လှစွာသောသမီးကြီး၊ ဦးစိန်ငွေး-ဒေါ်စန်းစန်းဝင်း၊ ဦးအုန်းရွှေနှင့် သားများ သင်္ဘောဆေးဆိုင်၊ ဗဟန်း ၏ညီမ၊ ဦးသန်းအောင်-ဒေါ်ခင်မေကြည်၊ ဦးတင်ငွေး-ဒေါ်ခိုင်ဇာခြည်ထွန်း၊ ဦးအောင်နိုင်ဝင်း-ဒေါ်ခင်မေစမ်း၊ ဦးစိန်ကြိုင်-ဒေါ်ခင်မေသင်း၊ (ဦးညီညီငွေး)၊ ဦးအောင်အောင်ငွေး-ဒေါ်နန်းမြမျိုးမဥ္ဇူ(ဦးအုန်းရွှေနှင့်သားများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးကျော်မြင့်-ဒေါ်ခင်သီတာအောင်တို့၏ အစ်မကြီး၊ တူ၊တူမ ၁၈ယောက်တို့၏ အဒေါ် ဒေါ်ခင်မေသန်းသည် ၈-၉-၂၀၂၂ရက် ည၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၂၂ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၁) G-10 မှ မောင်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးစိန်လွင် ၅/ကသန(နိုင်)၀၅၂၅၁၅ ဖြစ်ပါကြောင်း။ **ဦးစိန်လွင်**

---

## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၁) G-10 မှ မသန္တာဦးနှင့် G-7မှ မသက်မေလွင် တို့၏ ဖခင်အမည်မှန်မှာ ဦးစောထွန်းနိုင် ၅/ကဘလ(နိုင်) ၂၀၈၂၅၇ ဖြစ်ပါကြောင်း။

**ဦးစောထွန်းနိုင်**

---

**ပြောင်းလဲခေါ်ဆိုပါရန်**

ဦးစိုးနိုင်၏သမီး မိုးညှင်းမြို့၊ အထက(ခွဲ)နားခါ Grade-3 မှ မရွှေရည်သွန်းအား မယွန်းရွှေရည်သွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယွန်းရွှေရည်သွန်း**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယကာကြီး
# ဦးစောဖါးဒါး(ကျောင်းအုပ်ကြီး-ငြိမ်း)
## အသက်(၈၈)နှစ်

ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အလှဒသနလမ်း၊ အိမ်အမှတ် (၄/၄၈၀)နေ (ဦးအကီး-ဒေါ်နော်ခေါင်)တို့၏သားထွေး၊ ဒေါ်နန်းမယ်ရှင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်မောင်ဝင်း-ဒေါ်နန်းစန်းစန်းသိန်း၊ ဦးစောငြိမ်းဖေ-ဒေါ်နော်မြင့်မြင့်အေး၊ ဦးစောမြင့်ဦး-ဒေါ်နန်းဘေဘီမြင့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုး သည် ၈-၉-၂၀၂၂ရက် (ကြာသပတေးနေ့)ည ၁၁:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၀-၉-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးထွန်းရှိန်
### အလုပ်ရုံစုမှူး(စီမံရေး)(ငြိမ်း)
### ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ တိုက် အမှတ်(၅၁)၊ ပထမထပ်နေ (ဦးအေးမောင်-ဒေါ်နှင်းစိန်)တို့၏သား၊ (ဦးဖိုးသောင်-ဒေါ်အေးခင်)တို့၏သားသမက်၊ ဒေါ်တင်လှိုင်၏ ခင်ပွန်း၊ ဦးညွန့်ဟန်(အဲသံလွင်လေကြောင်းလိုင်း)-ဒေါ်မော်မော်စီ၊ ဒေါ်ဝင်းဝင်းမော်၊ ဦးမျိုးဆန်းအောင်-ဒေါ်စန်းစန်းဝင်း(အလပြ)၊ ဦးကျော်ထွန်းအောင်(ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ)၊ ဦးစိန်ဝင်းထွန်း-ဒေါ်မျိုးမျိုးထွေးတို့၏ ချစ်လှစွာသောမွေးသဖခင်၊ ကိုစိုးထိုက်အောင်(WIN Consulting Ltd)၊ ကိုဖြိုးမင်းမြတ်၊ (ကိုမျိုးမင်းသူ)၊ မဖြူစင်သန့်(ဝင်းသင်နှင့်အဖွဲ့ စာရင်းစစ်များ)၊ မအင်ကြင်းမွှေး၊ ကိုအောင်မျိုးမြင့်၊ မောင်ရဲမင်းဇော် တို့၏ ချစ်လှစွာသော အဘိုး ဦးထွန်းရှိန် သည် ၉-၉-၂၀၂၂ ရက်(သောကြာနေ့) ညနေ ၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌(၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၉-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
# ဦးမြတ်ထွန်း(B.Sc)Zoo
### စိန်နဂါးကြွေ၊ မြေ၊ ဖန်ထည်စက်မှု ကုန်ထုတ် သ/မ အသင်းလီမိတက် ဥက္ကဋ္ဌ
### သမိုင်းမြို့မ အထက(၁) မရမ်းကုန်းကျောင်းသားဟောင်း
## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် ၁၀၉နေ (ဦးသိန်းဝင်း-ဒေါ်သောင်းစိန်)၊(ဦးစောလှိုင်-ဒေါ်ကျင်) တို့၏သား၊ ဦးကျော်လွင်-ဒေါ်ခင်ညို၊ (ဦးအောင်ဝင်း)-ဒေါ်နွယ်နီ၊ (ဦးငွေအောင်)-ဒေါ်လှမြင့်၊ ဦးသက်ဆွေ-ဒေါ်ခင်လှဝေ၊ (ဦးအောင် သိန်း)-ဒေါ်သန်းရှင်၊ ဦးသက်အောင်-ဒေါ်ခင်ဝင်း၊ ဦးခင်မောင်သိန်း(ဦးကောဏ္ဍည)တို့၏ အစ်ကိုကြီး၊ ဦးသူရထွန်း၊ဦးဝဏ္ဏထွန်း၊ ဦးသက်နိုင်ထွန်း-ဒေါ်မြတ်စုဝင်း၊ ဦးနိုင်ကိုကိုလင်း-ဒေါ်လှဖြိုးသူ တို့၏မွေးသဖခင် ကျေးဇူးရှင်၊(ဒေါ်သိန်းသိန်း)၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ဇေယျာဦး၊ မောင်ရဲရင့်ဘုန်းမြတ်၊ မောင်ရန်လင်းအောင်တို့၏ ဘိုးဘိုးကြီး သည် ၈-၉-၂၀၂၂ရက် ည၇:၁၀နာရီတွင် ဂရန်းဟံသာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၂၂ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

(အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၄-၉-၂၀၂၂ရက် တွင် မရမ်းကုန်းမြို့နယ်၊ နှင်းဆီလမ်း၊ အမှတ် ၁၀၉နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၀/ကန်အောက်)၊ မြေကွက်အမှတ် 93၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ(၀.၁၁၈)ဧကရှိ မြေကွက်အနက်မှ ခွဲစိတ်မိန့်ရရှိပြီး ကျန်ရှိသည့် အရှေ့ဘက်ခြမ်း ဧရိယာ(၀.၀၅၉)ဧကရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်စူးအမည်ပေါက်ပြီး သားသမီးများဖြစ်ကြသည့် ဒေါ်အဇီဇား၊ ဦးအယွတ်၊ ဒေါ်မီနူးရ်ဘီ(ခ)မစောဝင်း၊ ဦးမွတ်ကဖား(ခ)ဝင်းစိန်တို့မှ (၂၇-၇-၂၀၁၆)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် မှတ်ပုံတင်အမှတ်(၉၃/၂၀၁၆)အရ အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကာ အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်(ခ)မိုးမိုးထွေး ၁၃/လလန(နိုင်)၀၅၇၇၃၁ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ထားသည့်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်သူမရှိပါက အပြီးသတ်အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ တရားဝင်အမည်ပြောင်းလဲရန်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်(ခ)မိုးမိုးထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်ကြည်ပြာသိမ့်(L.L.B) | ဒေါ်နန်းစန်းစန်းဝင်း(LL.B) | ဒေါ်နွယ်နွယ်သက်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၄၀၇၂/၁၆-၁-၂၀၁၈) | (စဉ်-၅၄၅၂၂/၂၅-၁၁-၂၀၂၁) | (စဉ်-၅၄၅၂၃/ ၂၅-၁၁-၂၀၂၁) |

မြမြင့်မိုရ်ရှေ့နေရုံးခန်း၊ အဓိပတိ(တောင်ကြီး) LEGAL GROUP COMPANY LIMITED
တောင်ကျောင်းကြီးလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့
ဖုန်း-၀၉-၄၂၈၃၃၇၉၇၃၊ ၀၉-၄၂၈၃၃၅၃၇၈၊ ၀၉-၈၅၄၃၃၇၉၇၃

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် AYY/16430, HONDA PCX 150 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့် အောင် ၁၄/ဘကလ(နိုင်)၀၁၈၀၃၀ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံ)**

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့ လိုပါတယ်။ ပြည်သူလူထု တစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့မဆို ခြိမ်းခြောက်အကျပ်ကိုင်၊ ဖိအားပေးခံရမှုမရှိဘဲ မိမိဆန္ဒအတိုင်းမဲပေးဖို့ လိုအပ်ပါတယ်။ လာမယ့်အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး လွတ်လပ်ပြီး တရားမျှတစွာ နေရာအနှံ့ အကြားအလပ်မရှိ ကျင်းပနိုင်ရမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ တရားမျှတမှုနဲ့ ခြိမ်းခြောက် အကျပ်ကိုင်မှုတွေမရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့ လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ် ကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈လ)ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မော်လမြိုင်မြို့မှ လူနာပို့ဆောင်ပြီး ရေးမြို့သို့ပြန်လာသည့် လူမှုကူညီရေးယာဉ်တစ်စီးအား သံဖြူဇရပ်မြို့နယ် ပိန္နဲတောကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းနှင့် အကူယာဉ်မောင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိ




**နေပြည်တော် စက်တင်ဘာ ၉**

မွန်ပြည်နယ် မော်လမြိုင်မြို့မှ လူနာပို့ဆောင်ပြီး ရေးမြို့သို့ပြန်လာသည့် လူမှုကူညီရေးယာဉ်တစ်စီးအား ယနေ့နံနက်အစောပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက သံဖြူဇရပ်မြို့နယ် ပိန္နဲတောကျေးရွာအနီး၌ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် လူမှုကူညီရေးယာဉ်မောင်းနှင့် အကူယာဉ်မောင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေးမြို့ အောင်မင်္ဂလာရပ်ကွက်နေသူများဖြစ်သည့် မောင်နေလင်းဦး (ခ) အဘစ် (၂၀ နှစ်) မောင်းနှင်ပြီး အကူယာဉ်မောင်းအဖြစ် မောင်ညီလင်းထွန်း (ခ) ဖူးဖူး(၁၉ နှစ်)တို့ နှစ်ဦးသည် အောင်မင်္ဂလာလူမှုကူညီရေးယာဉ်ဖြင့် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ လူနာသွားရောက် ပို့ဆောင်ပြီး ရေးမြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ရာ ယနေ့နံနက် ၁ နာရီခွဲခန့်တွင် သံဖြူဇရပ်မြို့နယ် ပိန္နဲတောကျေးရွာ အနီးအရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း၏ယာဘက်မှ မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် လူမှုကူညီရေးယာဉ်မှာ

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍

## အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်

*စာမျက်နှာ ၁၂ ကော်လံ ၅* ❖

## မြန်မာ-ဒူဘိုင်း နှစ်နိုင်ငံရဲအဖွဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီး ခုနစ်ဦးကို ကယ်တင်၍ မြန်မာနိုင်ငံသို့ ခေါ်ယူပေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာ-ဒူဘိုင်း နှစ်နိုင်ငံရဲအဖွဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူးသူ တရားခံအား ဖမ်းဆီးလွှဲပြောင်းပေးပြီး လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီး ခုနစ်ဦးကို ကယ်တင်၍ မြန်မာနိုင်ငံသို့ ခေါ်ယူပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သတင်းများအရ အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းတွင် အမြဲတမ်းနေထိုင်ခွင့်ဖြင့် နေထိုင်သည့် မြန်မာနိုင်ငံသားအဖွဲ့တစ်ဖွဲ့သည် "ဒူဘိုင်းတွင် လစာကောင်းကောင်းနှင့် အလုပ်ရမည်" ဟု မက်လုံးပေးစည်းရုံးကာ မြန်မာနိုင်ငံသားအမျိုးသမီးငယ်များကိုခေါ်ယူ၍

*စာမျက်နှာ ၁၇ ကော်လံ ၁* ■

**ယနေ့ သတင်းအညွှန်း**

**အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသည့် ကလေးငယ်ပေါင်း ၁၄ ဒသမ ၅ သန်းကျော်ရှိ** နိုင်ငံတကာသတင်း စာ - ၁၃

**နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန် မြှင့်တင်ဆောင်ရွက်** ပြည်တွင်းသတင်း စာ - ၁၄

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ** ပြည်တွင်းသတင်း စာ - ၁၈